# ကြေးမုံ

The Mirror Daily

Established in 1957


**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရမရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 17 January 2020 ၉၈၉၇




# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ကိုယ်ရေးအကျဉ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကို ၁၉၅၃ ခုနှစ် ဇွန်လတွင် ရှန်းစီးပြည်နယ် ဖူပင်းမြို့၌ မွေးဖွားခဲ့ပြီး ဟန်မျိုးနွယ်ဝင်တစ်ဦးဖြစ်သည်။ ချင်းဟွာတက္ကသိုလ်၏ လူမှုနှင့် လူမှုရေးသိပ္ပံကျောင်းမှ နိုင်ငံရေးပညာအထူးပြုဘွဲ့ ရရှိခဲ့ပြီး လုပ်ငန်းခွင်ဘွဲ့လွန်ပညာသင်ယူကာ ဥပဒေအထူးပြုဒေါက်တာဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းခွင်စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ လက်ရှိ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတာဝန်အပြင် တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးတာဝန်တို့ကိုပါ ထမ်းဆောင်လျက်ရှိသည်။

**ပညာဆည်းပူးခဲ့**

၁၉၆၉ မှ ၁၉၇၅ ခုနှစ်အထိ ရှန်ရှီးပြည်နယ် ရန်ချွမ်းခရိုင် ဝမ်အန်းယိအဖွဲ့၊ လျန်ကျားဟေတပ်ဖွဲ့တွင် ပါတီဌာနခွဲအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ မှ ၁၉၇၉ ခုနှစ်အထိ ချင်းဟွာတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၇၉ မှ ၁၉၈၂ ခုနှစ်အထိ နိုင်ငံတော်ကောင်စီနှင့် ဗဟိုစစ်ကော်မရှင် အထွေထွေရုံး၏အတွင်းရေးမှူး၊ ၁၉၈၂မှ ၁၉၈၃ ခုနှစ်အထိ ဟာပေပြည်နယ် ကျန်းတင်ခရိုင်တွင် တရုတ်ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီ ဒုတိယအတွင်းရေးမှူး၊ ၁၉၈၃ နှင့် ၁၉၈၅ခုနှစ်အတွင်း ခရိုင်အတွင်းရေးမှူးအပြင် ကျန်းတင်ခရိုင်စစ်ဘက်ရေးရာဌာနအရာရှိနှင့် ပါတီကော်မတီပထမအတွင်းရေးမှူးနှင့် ပါတီနိုင်ငံရေးမှူး(ပထမတန်း)တာဝန်များ ပူးတွဲထမ်းဆောင်ခဲ့သည်။

**ထမ်းဆောင်ခဲ့**

ထို့နောက် မစ္စတာရှီကျင့်ဖျင်သည် ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ ဖူကျန့်ပြည်နယ် ရှမန်မြို့၏ ဒုတိယမြို့တော်ဝန်နှင့် ရှမန်မြူနီစီပယ် တရုတ်ကွန်မြူနစ်ပါတီကော်မတီ၏ အမြဲတမ်းကော်မတီဝင်၊ ၁၉၈၈ မှ ၁၉၉၀ ပြည့်နှစ်အထိ ဖူကျန့်ပြည်နယ် နင်တာစီရင်စု၏ တရုတ်ကွန်မြူနစ်ပါတီကော်မတီ၏ အတွင်းရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ မှ ၁၉၉၃ ခုနှစ်အထိ ဖူကျန့်ပြည်နယ် ဖူကျိုးမြူနီစီပယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် ဖူကျန့်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ ဖူကျိုးမြူနီစီပယ်ကော်မတီ၏ အတွင်းရေးမှူး၊ ဖူကျိုးစစ်ဒေသခွဲ ပါတီကော်မတီ၏ ပထမအတွင်းရေးမှူးတာဝန်များ ပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၉၃မှ ၁၉၉၅ ခုနှစ်အထိ ဖူကျန့်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ဖူကျိုးမြူနီစီပယ် တရုတ်ကွန်မြူနစ်ပါတီ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# ချင်းလူမှုရေးအသင်း-ရန်ကုန် ၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်းအခမ်းအနား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းလူမှုရေးအသင်း-ရန်ကုန် (All Chin Society-Yangon)၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၆**

ချင်းလူမှုရေးအသင်း-ရန်ကုန် (All Chin Society-Yangon)၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၅)ရပ်ကွက် အမှတ်-၁၈၃ရှိ ချင်းလူမှုရေးအသင်း-ရန်ကုန် (ACSY) ဝင်းအတွင်း ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဒုတိယမြို့တော်ဝန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ကြေးမုံ ယနေ့ ဖတ်စရာ**

**မြန်မာ့မီးရထားမှ နေပြည်တော်-ရန်ကုန်ပြေးဆွဲလျက်ရှိသော အမှတ်(၈)အစုန် အမြန်ရထား ရောက်ရှိ၊ ထွက်ခွာချိန် ပြင်ဆင်ပြေးဆွဲမည်**

စာမျက်နှာ » ၄

**ရန်ကုန်မြို့တော်၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သာကေတ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ**

စာမျက်နှာ » ၁၀




☆ ရှေ့ဖုံးမှ

ကော်မတီအတွင်းရေးမှူး၊ ဖူကျိုးမြူနီစီပါယ် ပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ဖူကျိုးစစ်ဒေသခွဲ၊ ပါတီကော်မတီ၊ ပထမအတွင်းရေးမှူး တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီဖူကျန်းပြည်နယ်ကော်မတီ၏ ဒုတိယအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဖူကျိုးမြူနီစီပါယ်ကော်မတီ၏ အတွင်းရေးမှူး၊ ဖူကျိုးမြူနီစီပါယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ဖူကျိုးပြည်နယ်စစ်ဒေသခွဲ၊ ပါတီကော်မတီ၏ပထမအတွင်းရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ မှ ၁၉၉၉ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ၊ ဖူကျန့်ပြည်နယ်ကော်မတီ၏ ဒုတိယအတွင်းရေးမှူးနှင့် ဖူကျန့်ပြည်နယ် လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်ဖွဲ့ အရန်တပ်မ၏နိုင်ငံရေးမှူး(ပထမတန်း)၊ ၁၉၉၉ မှ ၂၀၀၀ ပြည့်နှစ်အထိ တရုတ်ကွန်မြူနစ်ပါတီဖူကျန့်ပြည်နယ် ကော်မတီဒုတိယအတွင်းရေးမှူး၊ ဖူကျန့်ပြည်နယ်ယာယီအုပ်ချုပ်ရေးမှူး၊ နန်ကျင်းစစ်ဒေသဌာနချုပ်၊ အမျိုးသားကာကွယ်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ဖွဲ့ အရန်တပ်မ၏ နိုင်ငံရေးမှူး (ပထမတန်း)တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ မှ ၂၀၀၂ ခုနှစ်အထိ ဖူကျန့်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ နန်ကျင်းစစ်ဒေသဌာနချုပ်၊ အမျိုးသားကာကွယ်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီ ညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ဖွဲ့ အရန်တပ်မ၏ နိုင်ငံရေးမှူး(ပထမတန်း) တာဝန်များ ထမ်းဆောင်ခဲ့သည်။

**တာဝန်များထမ်းဆောင်ခဲ့**

၂၀၀၂ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီကျဲကျန်းပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူး၊ ကျဲကျန်းပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး၊ ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ကျဲကျန်းပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ကျဲကျန်းပြည်နယ်ယာယီအုပ်ချုပ်ရေးမှူး၊ ကျဲကျန်းပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီ ညွှန်ကြားရေးမှူး၊ ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ ကျဲကျန်းပြည်နယ်ကော်မတီ တရုတ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် ကျဲကျန်းပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့သည်။

မစ္စတာရှီကျင့်ဖျင်သည် ၂၀၀၇ ခုနှစ်တွင် ရှန်ဟိုင်းစစ်ဒေသကြီးပါတီကော်မတီ၏ ပထမအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပါယ် ကော်မတီအတွင်းရေးမှူး၊ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံး၏ အဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌ၊ ၂၀၀၈ မှ ၂၀၁၀ ပြည့်နှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးရုံးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ စသဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအတွင်းရေးမှူးရုံးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်။

**ဗဟိုစစ်ကော်မရှင်၏ဥက္ကဋ္ဌ**

၂၀၁၃ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်တို့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(၁၅)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအလှည့်ကျအဖွဲ့ဝင်၊ (၁၆)ကြိမ်မှ (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတို့၏အဖွဲ့ဝင်၊ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ (၁၈)ကြိမ်နှင့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် အထွေထွေအတွင်းရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။ (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး၊ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ (၅)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးတွင် ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ပေးအပ်ခြင်းခံရပြီး၊ (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ (၁၇)ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ၊ (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌ စသည်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသည်။

**ဆက်လက်ရွေးချယ်တင်မြှောက်ခြင်းခံရ**

မစ္စတာရှီကျင့်ဖျင်သည် (၁၂)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုစစ်ကော်မရှင်၏ဥက္ကဋ္ဌ၊ (၁၃)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**○ ချင်းလူမှုရေးအသင်းမှ**

ချင်းလူမှုရေးအသင်း-ရန်ကုန် (ACSY)မှ ဥက္ကဋ္ဌနှင့် ချင်းလူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်ရှိ ချင်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

**အခမ်းအနားကို ဖွင့်လှစ်**

ရှေးဦးစွာ သိက္ခာတော်ရဆရာ ဒေါက်တာရာလ်ဘွေးက ဆုတောင်းခြင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကား ပြောကြားရာတွင် ချင်းလူမှုရေးအသင်း-ရန်ကုန်သည် ချင်းတိုင်းရင်းသားများ ပူးပေါင်းလက်တွဲလျက် ရှေ့အနာဂတ်၏ ခရီးလမ်းတွင် အတူတကွလျှောက်လှမ်းနိုင်ရမည်ဆိုသည့် အတွေးဖြင့် စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မေလ ၁၀ ရက်နေ့ Novotel Hotel တွင် ချင်းတိုင်းရင်းသားခေါင်းဆောင်များ ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပပြီး မေ ၂၉ ရက်တွင် မိမိနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့ကို ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း။

အဆိုပါ အခမ်းအနား ကျင်းပပြီးနောက်ပိုင်း မိမိအနေဖြင့် ချင်းတိုင်းရင်းသားခေါင်းဆောင်များအား ယခုထက်ပိုပြီး စည်းလုံးနိုင်ရန်၊ ညီညွတ်စွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး မျိုးနွယ်စုအလိုက် ဝတ်စုံများကို ပေါင်းစပ်ပြီး ချင်းလူမျိုးများ၏ တူညီဝတ်စုံ(ဘုံဝတ်စုံ)တစ်ခု ဖန်တီးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ပါကြောင်း။

ယခုအခါ ချင်းလူမျိုးများ၏ ဘုံဝတ်စုံတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ကြပြီဖြစ်၍ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယင်းအတွက် ပါဝင်ဆောင်ရွက်သူများအားလုံးကို အထူးကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ ယင်းဘုံဝတ်စုံကို ဖန်တီးနိုင်ခြင်းအားဖြင့် ချင်းတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်စေရန် ဆန္ဒပြုအပ်ပါကြောင်း။

**စတင်ဖွဲ့စည်းခွင့်ရ**

ချင်းလူမျိုးများ တူညီဝတ်စုံဖြစ်မြောက်ရေးကော်မတီက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပပြုလုပ်သည့်အစည်းအဝေးကနေ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ချင်းတိုင်းရင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ရန် ချင်းလူမှုရေးအသင်း-ရန်ကုန်ကို ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ် အမှတ် ၁/ပြည်တွင်း/၀၅၃၇ ဖြင့် စတင်ဖွဲ့စည်းခွင့်ရခဲ့ပါကြောင်း။


ချင်းလူမှုရေးအသင်း-ရန်ကုန်ကို ပြည်ထောင်စုဖွား ချင်းတိုင်းရင်းသားအားလုံး အချင်းချင်းချစ်ခင်ရင်းနှီးလျက် စည်းလုံးညီညွတ်မှုရှိလာစေရန်၊ ချင်းလူမျိုးတို့၏စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများအား ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ မြင့်မားလာစေရန်၊ ချင်းလူမျိုးတို့၏ သာရေး၊ နာရေးကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီဖေးမခြင်းဖြင့် အချင်းချင်း ရိုင်းပင်းတတ်လာစေရန်၊ ချင်းလူငယ်များ ပညာဗဟုသုတကြွယ်ဝလာစေရန်၊ ဘက်စုံထူးချွန်သော လူငယ်များမွေးထုတ်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက် (၄)ခုဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အကျိုးကျေးဇူးများ ခံစားနိုင်မည်**

ယခုကဲ့သို့ ကောင်းမြတ်သည့် ရည်ရွယ်ချက်များနှင့် အသင်းကြီး ဖွဲ့စည်းနိုင်ခြင်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် စားဝတ်နေရေးခက်ခဲသည့် ချင်းလူမျိုးများ ဆေးဝါးကုသရန် အကူအညီလိုအပ်နေသည့်သူများအတွက် အကျိုးခံစားခွင့်ရှိခြင်း၊ ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ပြင်ပရှိ ချင်းလူမျိုးများ၏ ကျန်းမာရေးအတွက် လိုအပ်ချက်၊ သာရေး/နာရေးကိစ္စအဝဝတွင် အကူအညီရယူနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး တည်းခိုရန် အခက်အခဲရှိသောသူများအတွက် တည်းခိုနိုင်ခြင်းနှင့် အခက်အခဲပြဿနာတွေ့ကြုံရင်ဆိုင်နေရသူများအတွက် ခိုလှုံအားကိုးရာဖြစ်ခြင်း၊ ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်အခမ်းအနားများနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရန်အတွက် အဆောက်အဦခန်းမကို အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါကြောင်း။

ချင်းမျိုးနွယ်စု ၅၃ မျိုးလုံး စုပေါင်းတည်ထောင်ထားသည့် ချင်းလူမှုရေးအသင်းကြီးအနေဖြင့် အသင်းဖွဲ့စည်းသည့် ရည်ရွယ်ချက်ပါအတိုင်း ချင်းတိုင်းရင်းသားလူမျိုးများအကြား ရိုင်းပင်းကူညီဖေးမခြင်းဖြင့် အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိသာမက အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် ချစ်ကြည်စည်းလုံးမှု ပိုမိုလာစေအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် ယင်းကဲ့သို့ စည်းလုံးညီညွတ်မှုအင်အားကို တည်ဆောက်ပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး ကြိုးပမ်းမှုများတွင် အခြားသော ညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲကာ တစ်ထောင့်တစ်နေရာက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

စာမျက်နှာ ၄ သို့ ❖



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမှာစကားပြောကြားစဉ်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းလူမှုရေးအသင်း-ရန်ကုန် ACSY Logo နှင့် Founding Member ကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ စာမျက်နှာ ၃ မှ

ယခုကဲ့သို့ ချင်းလူမှုရေးအသင်း-ရန်ကုန်ကို ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန(ယခု ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန)၊ အသင်းမြေနေရာရရှိရေးနှင့် ခန်းမတည်ဆောက်နိုင်ရေးတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ အလှူငွေထည့်ဝင်လှူဒါန်းခဲ့သော အလှူရှင်များ၊ ဘက်ပေါင်းစုံမှ ပါဝင်ပံ့ပိုးကူညီပေးသူများနှင့် ချင်းလူမှုရေးအသင်း-ရန်ကုန်မှ တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

ချင်းလူမှုရေးအသင်း-ရန်ကုန် ခန်းမကြီးကို အောင်မြင်ပြီးဆုံးအောင် ဆောက်လုပ်နိုင်ပါစေကြောင်း၊ ချင်းလူမှုရေးအသင်း-ရန်ကုန် အရှည်တည်တံ့ ခိုင်မြဲပါစေကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ချင်းလူမှုရေးအသင်း-ရန်ကုန် ဥက္ကဋ္ဌ ဦးလျန်ကြုံးနုံးက ဂုဏ်ပြုကြိုဆိုစကား ပြောကြားပြီး ဘဏ္ဍာရေးမှူး ပီတာငွန်ဇကျုံးက ချင်းလူမှုရေးအသင်း-ရန်ကုန် ဖြစ်ပေါ်လာပုံ၊ ဆောက်လုပ်မည့် အဆောက်အဦ ကိစ္စရပ်များနှင့် ACSY Logo နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဒုတိယမြို့တော်ဝန်၊ ACSY အသင်းဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့က အဆောက်အဦဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်တော်တင်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး Bishop ဒေါက်တာ အန်ဒရူးမန်လုံးက ဆုတောင်းခြင်းပြုလုပ်သည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ ချင်းလူမှုရေးအသင်း-ရန်ကုန် ACSY Logo နှင့် Founding Member ကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရ ဒေါက်တာဗွန်ခန့်ပေါင်က ဆုတောင်းခြင်းပြုလုပ်ပြီး ဒုတိယသမ္မတက ACSY Logo နှင့် Founding Member ကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

**ဆောက်လုပ်ရန် လျာထား**

ချင်းလူမှုရေးအသင်း-ရန်ကုန် ACSY မြေနေရာတွင် မြို့နယ်လူမှုရေး၊ မျိုးနွယ်စုလူမှုရေးအသင်းအသီးသီး၏ ရုံးခန်းအတွက် ပေ (၂၀ x ၄၀) အာစီနှစ်ထပ်တိုက်၊ ACSY ရုံးခန်း၊ ပြတိုက်၊ အစည်းအဝေးခန်းမ၊ လူနာများ တည်းခိုရန်နှင့် အခြားအခန်းများ လိုအပ်သလို အသုံးပြုနိုင်ရန် ပေ (၅၀ x ၇၀) အာစီသုံးထပ်တိုက်၊ ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်နှင့် ချင်းအမျိုးသားနေ့တို့တွင် အသုံးပြုနိုင်ရန် လူဦးရေ ၁၅၀၀၀ ဆံ့ ပေ (၂၀၀ x ၂၀၀) ပတ်လည်ခန်းမကြီးနှင့် မြေညီထပ်၌ ကားပါကင်ထားရှိရန် အဆောက်အဦနှင့် ပြည်နယ်အသီးသီးမှ ကျန်းမာရေးကိစ္စ၊ ပညာရေးကိစ္စတို့အတွက် ရောက်ရှိလာကြမည့် ချင်းတိုင်းရင်းသားများ တည်းခိုရန်အတွက် ပေ (၁၀၀ x ၅၀)၊ အာစီခြောက်ထပ်တိုက် ဆောက်လုပ်ရန် လျာထားကြောင်း သိရသည်။

ချင်းလူမှုရေးအသင်း-ရန်ကုန် (All Chin Society-Yangon) သည် ရန်ကုန်မြို့၌ နေထိုင်ကြသော တောင်ပေါ်မြေပြန့် ချင်းလူမျိုးများနှင့် ချင်းလူမျိုးလူမှုအဖွဲ့အစည်းအသင်း အသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသောအသင်းကြီး ဖြစ်သည်။

**သတင်းစဉ်**



## (၁၈) ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၆**

၂၀၂၀ ပြည့်နှစ် ပြည်ထောင်စုနေ့အထိမ်းအမှတ် (၁၈) ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ရှိ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် အဝင်မုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြို့တော်ဝန်ဖလားဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအား မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်အတွင်းရှိ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်အမျိုးမျိုးတို့ဖြင့် အလှဆင်ပုံဖော်ထားသည့် ပြပွဲအထိမ်းအမှတ် နန်းမြင့်မျှော်စင်နှင့် ရာသီပန်းအမျိုးအစားအလိုက် စိုက်ပျိုးထားသည့် ရှုခင်းအလှပြကွက်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ပန်းပင်များဖြင့် သရုပ်ဖော်ထားသည့် ပြည်သူ့ဂုဏ်ရည်ဆုတံဆိပ်ပုံ၊ ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကနှင့် ဝါသနာရှင်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြပွဲလာပြည်သူများကို ပျိုးပင်များ အခမဲ့ဝေငှခဲ့ကြသည်။

အဆိုပါ သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကာ ညပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ ခေတ်ပေါ်တေးဂီတအဖွဲ့တို့က ပြပွဲလာပြည်သူများကို ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ- အောင်ဖြိုးကျော်**

## မြန်မာ့မီးရထားမှ နေပြည်တော်-ရန်ကုန်ပြေးဆွဲလျက်ရှိသော အမှတ်(၈)အစုန် အမြန်ရထား ရောက်ရှိ၊ ထွက်ခွာချိန် ပြင်ဆင်ပြေးဆွဲမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်-ရန်ကုန် ခရီးစဉ်ပြေးဆွဲလျက်ရှိသော အမှတ်(၈)အစုန်အမြန်ရထားကို နေပြည်တော်မှ ည ၇ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၇ နာရီအရောက် အချိန်စာရင်းဖြင့် ဇန်နဝါရီ ၂၄ ရက်မှ စတင်၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။


**ဆောလျင်စွာရောက်ရှိ**

ထိုသို့ အချိန်ပြောင်းလဲပြေးဆွဲပေးခြင်းသည် အပတ်စဉ်သောကြာနေ့၌ နေပြည်တော်မှ ည ၉ နာရီတွင် ထွက်ခွာပြီး ရန်ကုန်သို့နောက်တစ်နေ့နံနက် ၉ နာရီအရောက် ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ ခရီးဆုံးဘူတာဖြစ်သော ရန်ကုန်ဘူတာသို့ ယခုထက် အချိန်ပိုမိုဆောလျင်စွာရောက်ရှိနိုင်ရေးအတွက် ရထားချိန်ကို ပြောင်းလဲပြေးဆွဲပေးခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်-နေပြည်တော် ခရီးစဉ်ပြေးဆွဲနေသော အမှတ်(၇)အဆန်အမြန်ရထားသည် လက်ရှိအချိန်စာရင်းအတိုင်း အပတ်စဉ်တနင်္ဂနွေနေ့တွင် ရန်ကုန်မှ ည ၇ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သန့်ဇော်**

ကရင်ပြည်နယ်အစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖာပွန်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ
( ဖာပွန်မြို့ )



၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၈ ၊ ၁၉)ရက်(စနေ၊ တနင်္ဂနွေ)နေ့၊ နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အခြေခံပညာအထက်တန်းကျောင်း၊ ဖာပွန်မြို့။

★ ကျောဖုံးမှ

ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို ဇန်နဝါရီ ၂၇ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းလွှတ်တော် အစည်းအဝေးများတွင် ဆောင်ရွက်ဆဲဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးလုပ်ငန်းများ အပါအဝင် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများကိုလည်း ယခင်ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်အစည်းအဝေးများကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် တွေ့ကြုံခဲ့ရသည့် လုပ်ငန်းလိုအပ်ချက်များအပေါ်မူတည်၍ လုပ်ငန်းကော်မတီအသီးသီးက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အခက်အခဲမရှိ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာလည်း လုပ်ငန်းကော်မတီအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အတွက်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကက လုပ်ငန်းကော်မတီများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူးကျင်းပသည့် "ကျန်းမာရေးနှင့် သင့်လျော်ပြီး ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသည့် စိုက်ပျိုးသီးနှံများဆိုင်ရာ စာတမ်းများ"ခေါင်းစဉ်ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**များစွာဂုဏ်ယူ**

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဆင့်မြင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ အရည်အသွေးပြည့်ဝသည့် မျိုးဆက်သစ်စိုက်ပျိုးရေးပညာရှင်များ ပေါ်ထွက်လာရေးအတွက် ပြုစုပျိုးထောင်စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ၏ အသိပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်မှုစွမ်းအားသည် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် အဓိကဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုလယ်ယာစနစ် အသွင်ကူးပြောင်းကာ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်ကာလတွင် ယခုကဲ့သို့ တက္ကသိုလ်ရှိ စိုက်ပျိုးရေးပညာရှင်များနှင့် သီးနှံဆိုင်ရာ သုတေသနပညာရှင်များ၏ လယ်ယာစိုက်ပျိုးသီးနှံများအပေါ် သုတေသနရလဒ်များဆိုင်ရာ စာတမ်းများ ပြုစုဖတ်ကြားတင်ပြနိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း။

စိုက်ပျိုးရေးသွင်းအားစုများ အလွန်အကျွံသုံးစွဲမှုနှင့် နည်းစနစ်လိုက်နာမှု အားနည်းခြင်းတို့ကြောင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ဆောင်နေကြသည့် တောင်သူများ၊ လယ်ယာလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများကို ဘေးအန္တရာယ်ဖြစ်စေရုံမျှမကဘဲ စားသုံးသူများ၏ ကျန်းမာရေးထိခိုက်မှု ပြဿနာများအထိ ဆိုးကျိုးများ ကြီးမားစွာ သက်ရောက်နေမှုကို ပိုမိုသိမြင်လာကြစေရန် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်နေပါကြောင်း၊ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင် ရောင်းချနိုင်ရန်အတွက် အနိမ့်ဆုံးအဆင့် GAP စနစ်ကျင့်သုံးခြင်းမှ အမြင့်ဆုံးအဆင့် Organic Farming စနစ်အထိ မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်များအပေါ် ယနေ့ကျင်းပသည့် သုတေသနစာတမ်းများတင်သွင်း ဖတ်ကြားခြင်းများမှ တစ်ဆင့် ဖြည့်ဆည်းပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။




**စာတမ်းများကို လေ့လာ**

ထို့နောက် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော လယ်ယာစိုက်ပျိုးရေးအခြေအနေများစာတမ်း၊ မွှားပင့်ကူစား သားရဲလိပ်ခုံးကျိုင်းအပေါ် အပူချိန်အမျိုးမျိုးနှင့် သားကောင်အရေအတွက် အနည်းအများအလိုက် အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ထိန်းချုပ်ထားသော ပတ်ဝန်းကျင်၌ ပဲရိုးထဲတွင်ပါဝင်သည့် အာဟာရဓာတ်များ၏ ကစော်ဖောက်နိုင်ခြင်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနည်းစနစ်များကို ဆန်းစစ်လေ့လာခြင်းစာတမ်း၊ မလေးရှားနိုင်ငံတွင် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်မှုအတွက် လုံခြုံစိတ်ချမှုရှိသော နည်းပညာများကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင် ငမြောင်တောင်ကျရောက်မှုကို မော်လီကျူလာနည်းအရ ခွဲခြမ်းစိတ်ဖြာခြင်းစာတမ်း၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများစာတမ်း၊ ခရမ်းချဉ်ပင် ညှိုးရောဂါကို ဖြစ်စေသော ရေစတိုးနီးယား ဆိုလာနေဆီရမ်ဘက်တီးရီးယားကျရောက်မှုလေ့လာခြင်းစာတမ်း၊ ပျော့ရွှာမြစ်ရေတင်စီမံကိန်းတွင် ရေစီမံခန့်ခွဲမှုနည်းလမ်းများ၏ စပါးအထွက်နှုန်းနှင့် ရေကိုအကျိုးရှိစွာအသုံးပြုမှုအပေါ်တွင် အကျိုးသက်ရောက်မှုအား လေ့လာခြင်းစာတမ်း၊ ကြက်သွန်နီ ချိုလိမ်ရောဂါကိုဖြစ်စေသော Colletotrichum Gloeosporioides ကျရောက်မှုအခြေအနေကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင်ရှိသော ဒန်ဒရုံဘီယမ်သစ်ခွများ၏ မျိုးရိုးဗီဇဆက်နွယ်မှုများကိုလေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်များ၏ အခန်းကဏ္ဍများကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံ၏ စိန်ကွက်ပလံနှင့် ၎င်း၏ ကပ်ပါးသားလောင်းများ၏ ဘဝစက်ဝန်းကိုလေ့လာခြင်းစာတမ်း၊ ငရုတ်ပင်၏ အထွက်နှုန်းနှင့် အထွက်နှုန်းမိတ်ဖက်များအပေါ်တွင် ရေသွင်းနည်းစနစ်များ၏ အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ပေါင်းစည်းလယ်ယာစနစ်၏ ကျေးလက်လူနေမှုနှင့် အာဟာရဖူလုံမှုအပေါ် သက်ရောက်မှုကိုလေ့လာခြင်းစာတမ်း၊ ပဲပုပ်သီးနှံ၏ မျိုးစေ့ဆောင်ရောဂါများကို Incubation နည်းလမ်းအမျိုးမျိုးအသုံးပြု၍ စမ်းသပ်လေ့လာခြင်းစာတမ်း၊ ရောစပ်ထားသည့် ပိုးသတ်ဆေးများ၏ ပေါင်းစပ်မှုအာနိသင်နှင့် ရွေးချယ်ပိုးသတ်ဆေးများ၏ ဖြုတ်ညိုပိုးအပေါ် ထိရောက်သည့် အချိုးများကိုလေ့လာခြင်းစာတမ်းများ ဖတ်ကြားတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**တက်ရောက်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးသုတေသနဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းနှင့် သုတေသီများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Xinhua သတင်းဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinhua သတင်းဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Liu Siyang နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအစဉ်အလာချစ်ကြည်ရင်းနှီးမှု၊ ပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ဆောင်ရွက်ရေးအတွက် မီဒီယာကဏ္ဍ၏အရေးပါပုံ၊ လက်ရှိမြန်မာ့မီဒီယာလောက အခင်းအကျင်းနှင့် မီဒီယာကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသည်။ **(ယာပုံ)**

**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ) အဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းဒေသသည် စိုက်ပျိုးရေးကို အခြေခံသော ဒေသတစ်ခုဖြစ်ပြီး လက်ဖက်၊ အာလူး၊ ထောပတ်၊ ကြက်သွန်နှင့် အခြားစိုက်ပျိုးရေးသီးနှံများကို ဒေသခံအများစုက စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် ခေတ်မီနည်းစနစ်များ အသုံးပြုကာ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်ကလည်း တတ်နိုင်သမျှ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသထွက်ကုန်ဖြစ်သော အာလူးကို တစ်နိုင်ငံလုံးက နှစ်သက်ကြသဖြင့် ဒေသထွက် အာလူးမျိုးများ သိုလှောင်ထိန်းသိမ်းဖြန့်ချိနိုင်ရေးအတွက် အအေးခန်း သိုလှောင်သေတ္တာများအား တပ်မတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းတိုင်းရင်းသားများသည် ထေရဝါဒဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်း အလေးအနက်ထား ကိုးကွယ်ကြသူများဖြစ်ပြီး မိမိတို့ဒေသရှိ တန်ခိုးကြီးမွေတော်ကက္ကူဘုရားကြီးကို ရှေးမူမပျက် ခမ်းနား၊ တင့်တယ်၊ သပ်ရပ်သန့်ရှင်းစွာ ထိန်းသိမ်းပြုပြင်မွမ်းမံခြင်းဖြင့် ဂုဏ်ယူနိုင်မည်ဖြစ်သလို ခရီးသွားဧည့်သည်များကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိဒေသသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ များပြားလာပါက မိမိဒေသ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို သိရှိသူ များပြားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ဒေသခံပြည်သူလူထုများကလည်း ကြိုးစားအားထုတ်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**အားထုတ်ဆောင်ရွက်**

ထို့နောက် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ) အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး(၁) ဦးနေဝင်းထွန်းနှင့် အဖွဲ့ဝင်များက ဒေသခံပြည်သူလူထုများကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင်လုပ်ကိုင်ဆောင်ရွက်ပြီး ကြိုးစားအားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သီးနှံမျိုးစေတ်ခွဲခန်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိမြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ မှတ်တမ်းရုပ်ရှင်ရိုက်ကူးစဉ်။

# အိန္ဒိယနိုင်ငံမှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် ရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံ Animagineer ရုပ်ရှင်ထုတ်လုပ်ရေးမှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology) ၌ ရိုက်ကူးမှုပြုလုပ်သည်။

**ဆက်လက်ရိုက်ကူးမည်**

အဆိုပါအဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၏ ညရှုခင်းနှင့် မရမ်းကုန်းမြို့နယ်ရှိ ကလေးဝဘုန်းတော်ကြီးကျောင်းတို့ကို ရိုက်ကူးခဲ့ကြောင်း၊ ဆက်လက်၍ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ပိုးထည်လုပ်ငန်းများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအား ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရိုက်ကူးထားမှုများကို ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် အိန္ဒိယနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်သည့် Mekong–Ganga Cooperation (MGC) ၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဦး(FDC)**

# “ပိုးလမ်းမရုပ်ရှင်ပွဲတော်” တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲအတွက် HD ရုပ်သံများဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

“ပိုးလမ်းမရုပ်ရှင်ပွဲတော်” အပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရုပ်သံဖိုင်များ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

“ပိုးလမ်းမရုပ်ရှင်ပွဲတော်” ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့တွင် ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ပထမအကြိမ်ကို ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၃ ရက်အထိနှင့် ဒုတိယအကြိမ်ကို ၂၀၁၉ ခုနှစ် ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး ယခုတတိယအကြိမ် ကျင်းပမည့်ပြိုင်ပွဲကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ပထမအကြိမ် ကျင်းပခဲ့စဉ် မြန်မာနှင့် ကိုရီးယားနိုင်ငံ၊ တရုတ်(တိုင်ပေ) တို့အပြင် အခြား ၁၀ နိုင်ငံ ပါဝင်ခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် မြန်မာ၊ ထိုင်း၊ အမေရိကန်၊ ကနေဒါ၊ ကိုရီးယား၊ ရုရှား၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့နှင့် ဟောင်ကောင်၊ တရုတ်(တိုင်ပေ) တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်နိုင်**

“ပိုးလမ်းမရုပ်ရှင်ပွဲတော်” တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲအတွက် Micro Film (ကွန်ရက်လွှင့်ရုပ်ရှင်အပါအဝင်) Micro မှတ်တမ်းရုပ်ရှင်၊ Micro ကာတွန်းရုပ်ရှင်၊ Micro Image Publicity ကြော်ငြာနှင့် Public Service Advertises (PSAs) အများပြည်သူ ဝန်ဆောင်မှုကြော်ငြာ ပုံစံငါးမျိုးဖြင့် ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း ရိုက်ကူးထားသည့် လက်ရာများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပေးပို့မှုများနှင့်ပတ်သက်၍ မူပိုင်ခွင့် နှင့်ပတ်သက်၍ တာဝန်ယူရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လက်ရာများကို 4 GB ထက် မကျော်လွန်စေဘဲ MOV၊ H264 Video Decoding၊ MPG၊ MP4၊ RMVB၊ AVI၊ Mainstream Player များဖြင့် ထုတ်လွှင့်နိုင်သော HD အဖြစ် သတ်မှတ်ပေးကြောင်း။

**နောက်ဆုံးထား၍ ပေးပို့**

အဆိုပါ ရုပ်သံဖိုင်များကို တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး (ရန်ကုန်) အမှတ်(၃၃) လောကနတ်အိမ်ရာ ပါရမီလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဦးဝမ်ကျင့်ယို ဖုန်း ၀၉–၈၉၁၅၀၄၁၆၉ သို့လည်းကောင်း၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အမှတ်(၅၀) ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁– ၅၃၄၅၇၄ သို့လည်းကောင်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး (မန္တလေးရုံး) အမှတ် (ခ–၉/၆၃–၇၀)၊ ၄၃လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား မဟာအောင်မြေမြို့နယ် မန္တလေးမြို့ မခင်စန်းယဉ် ဖုန်း ၀၉–၄၂၆၈၀၂၀၂ သို့လည်းကောင်း ဆက်သွယ်ပြီး ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးကျော်အောင်(FDC)**

# ဇီးကုန်းမြို့၌ ကျန်းမာရေးစောင့်ရှောက်မှု (အခမဲ့) ဆောင်ရွက်ပေး

**ဇီးကုန်း ဇန်နဝါရီ ၁၆**


ဇီးကုန်းမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီက ကြီးမှူး၍ တတိယအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှု(အခမဲ့) ဆောင်ရွက်ပေးခြင်းကို ဇီးကုန်းမြို့နယ် ရန်ကုန်-ပြည်လမ်းရှိ မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှ အထွေထွေရောဂါအထူးကုဆရာဝန် ဒေါက်တာဒေါ်ရှုမွန် ဦးစီးသော စေတနာရှင်ဆရာဝန်ခြောက်ဦးနှင့် သူနာပြုဆရာမများ၊အရိုးအကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်လွင်တို့သည် ပြည်သူများအား ကင်ဆာ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုသွေးချို၊ အရိုးအကြောနှင့် အထွေထွေရောဂါများအား စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး ဆေးဝါးများဖြင့် အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်ကုသပေးရာသို့ ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်များက လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး လူနာ ၄၄၀ ကို ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နိုင်ငံတကာရာဇဝတ်မှုဥပဒေနှင့်စပ်လျဉ်းသည့်သင်တန်းသို့ တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် ဇန်နဝါရီ ၁၆**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေနှင့်စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ပြောကြား**

ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ အဖွဲ့ဝင်များနှင့် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေး ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အရာထမ်းများ ကို နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးနှင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေတို့အပေါ် ပိုမိုသိရှိနားလည်၍ အပြည်ပြည် ဆိုင်ရာတရားရုံးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်း၊ သုတေသနပိုင်းဆိုင်ရာတို့၌ ပိုမိုကျွမ်းကျင်စွာ ပံ့ပိုးကူညီ နိုင်စေရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာရာဇဝတ်မှုများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဖော်ထုတ်ဖြေရှင်းနိုင်ရေးနှင့် ပြည်တွင်းတရားစီရင်ရေးအတွက် လူ့စွမ်းအားနှင့် ကျွမ်းကျင်မှုရှိကြရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို ပြည်တွင်း ရာဇဝတ်မှုတရားစီရင်ရေးမှတစ်ဆင့် တာဝန်ယူမှု၊ တာဝန် ခံမှုရှိရန် ဆောင်ရွက်ပါကြောင်း၊ မျှတသောတရားစီရင်ရေး စနစ်နှင့် တရားဥပဒေစိုးမိုးရေး အခြေခံအုတ်မြစ်ရှိသော တရားရေးမဏ္ဍိုင်ထွန်းကားရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းဥပဒေပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတကာရာဇဝတ်မှုတရားစီရင် ရေးနှင့် နိုင်ငံတကာရာဇဝတ်မှုဥပဒေဆိုင်ရာကိစ္စရပ်များ ကို ပိုမိုနားလည်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ပိုမိုရရှိရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ သံအမတ်ကြီး(ငြိမ်း)ဦးမောင်ဝေတို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့မှ စုစုပေါင်း သင်တန်းသား ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းမှာ ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တက္ကသိုလ်များမှဘွဲ့ရရှိသူများ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းအခြေအနေနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**
အမျိုးသားပညာရေးမူဝါဒကော်မရှင်ကကြီးမှူး၍ တက္ကသိုလ်များမှဘွဲ့ရရှိသူများ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်း အခြေအနေနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသား ပညာရေးမူဝါဒကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်တို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က "ဒီနေ့ဆွေးနွေးပွဲက တက္ကသိုလ် ဘွဲ့ရပြီးတာနဲ့ အလုပ်ရဖို့အတွက်ပါ။ အလုပ်ဆိုတဲ့နေရာမှာ အစိုးရအလုပ်အပြင် ပုဂ္ဂလိကအလုပ်လည်း ပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ တက္ကသိုလ်တွေ သာမက တက္ကသိုလ်ပေါင်းစုံရဲ့ အလုပ်အကိုင်ရရှိရေးတွေပါ ပါတယ်။ ပညာရေးတက္ကသိုလ်တွေဆိုရင် ၁၀၀ ရာခိုင်နှုန်း အလုပ်ရပါတယ်။ သို့သော်မွေးထုတ်နိုင်တာက တစ်ထောင်ပဲ မွေးထုတ်နိုင်ပြီး လိုတာကတစ်သောင်းလောက် လိုနေပါ တယ်။ ဒါမျိုးကအစ ဘယ်လိုပုံစံမျိုးနဲ့ လုပ်ပေးနိုင်မလဲ။ တချို့က အဝေးသင်တက္ကသိုလ်တက်ပေမယ့်၊ အလုပ်အကိုင် မရဘူး။ အဝေးသင်ကိုလည်း အလုပ်အကိုင်ရရှိနိုင်တဲ့ အလုပ်အကိုင်နဲ့ ဆက်စပ်တာတွေ သင်ပေးဖို့လိုပါတယ်။ အဓိကအလုပ်အတွက်ပဲ ဒီရည်ရွယ်ချက်နဲ့ဆွေးနွေးတာပါ" ဟု ပြောသည်။

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "အခြေခံ စဉ်းစားတာက ကလေးတွေနဲ့ မိဘတွေအတွက်စဉ်းစား တယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ် ထားတယ်ဆိုတာ မျှော်လင့်ချက်တစ်ခုပါပဲ။ မျှော်လင့်ချက်က သူတို့ဘွဲ့ရပြီးရင် ရတဲ့ဘွဲ့နဲ့ ထိုက်ထိုက်တန်တန် အလုပ် တွေရဖို့ ရည်မှန်းချက်နဲ့လုပ်တယ်။ မြန်မာပြည်သာမက နိုင်ငံတကာမှာလည်း တချို့တွေက သိပ်လွယ်တာ မဟုတ် ဘူး။ မိသားစုတစ်စုမှာ ကလေးတွေ ကျောင်းထားနိုင်ဖို့ ဆိုတာ လွယ်တာမဟုတ်ဘူး။ အဲဒီလိုအားခဲပြီး လုပ်ပေမယ့် ဘွဲ့ရပြီး အလုပ်မရှိတော့ တော်တော်နစ်နာတယ်။

"နစ်နာတယ်ဆိုတာ မိသားစုတွေနစ်နာရုံသာမက သင်တဲ့ဆရာတွေလည်း နစ်နာတယ်။ အဲဒါကိုဘယ်လိုလုပ် ကြမလဲ။ နိုင်ငံတကာမှာ တက္ကသိုလ်တွေကို တိုင်းတာတဲ့ ပေတံတွေပြောင်းလာတယ်။ အရင်တုန်းက တက္ကသိုလ် တစ်ခုကိုတိုင်းရင် သုတေသနလုပ်တာတို့ သင်ကြားရေးနဲ့ ပတ်သက်လို့တိုင်းတာတဲ့ ပေတံတွေရှိတယ်။ အခုဘာတိုင်း လာလဲဆိုတော့ အလုပ်အကိုင်ရရှိရေး။ ပညာရေးလောက နဲ့အလုပ်အကိုင်လောက မချိတ်လို့မရဘူး။ အလုပ်ခွင်မှာ အဆင်ပြေနိုင်တဲ့ အသိပညာတွေကို မျှဝေပေးမှရမယ်။ ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲက ဒါကိုဘယ်လိုလုပ်ကြမလဲ။ တက္ကသိုလ်ဘွဲ့ရပြီး အလုပ်ရဖို့ဆိုတာ ကျောင်းသားတွေ၊ မိဘတွေ၊ သင်တဲ့ဆရာတွေ၊ အလုပ်ပေးနိုင်တဲ့ အလုပ်ရှင် တွေ လေးပွင့်ဆိုင်ဟန်ချက်ညီဖို့ လိုပါတယ်။ လုပ်ငန်းရှင် တွေ ဘက်ကလည်း တက္ကသိုလ်တွေနဲ့ ထိတွေ့နေဖို့လိုပါ တယ်။ တက္ကသိုလ်တွေကလည်း လုပ်ငန်းရှင်တွေနဲ့ ထိတွေ့ဖို့လိုပါတယ်"ဟု ပြောသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အမျိုးသား ပညာရေးဥပဒေအရ ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်အနေဖြင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားအရည်အသွေးအာမခံမှုနှင့် အရည်အသွေး ထိန်းချုပ်ရေးကော်မတီနှင့် ပါမောက္ခချုပ်များကော်မတီ တို့ကို ထပ်မံဖွဲ့စည်း၍ ပညာရေးနှင့်သက်ဆိုင်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မင်းသစ်(MNA)**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ)(ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉၃၈၃ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၂၇၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒီဇင်ဘာလထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၇၇ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၀၆ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၉၃၈၃ သန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဒီဇင်ဘာလထိ) တွင် ပြည်ပပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၆၄၈ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၆၀ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၀၈ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၁၀၂၉ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၂၄၆ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇၅ သန်း ပိုမိုဆောင်ရွက် နိုင်ခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင် ခဲ့ပါသည် -

**တန်ဖိုး- ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၉၀၈.၅၂၈ | ၇၃၉.၃၆၅ | ၁၆၉.၁၆၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၄၆.၈၆၈ | ၁၇၀.၇၈၄ | -၁၂၃.၉၁၆ |
| ၃ | ရေထွက်ပစ္စည်း | ၂၆၁.၀၄၅ | ၂၂၄.၉၃၁ | ၃၆.၁၁၄ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၉၂.၂၇၃ | ၂၉၂.၅၅၇ | ၄၉၉.၇၁၆ |
| ၅ | သစ်တောထွက်ပစ္စည်း | ၄၄.၃၀၅ | ၄၇.၁၂၂ | -၂.၈၁၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၅၃၇.၈၄၃ | ၁၉၈၇.၅၃၁ | ၅၅၀.၃၁၂ |
| ၇ | အခြားပစ္စည်း | ၈၆.၈၂၇ | ၁၈၆.၄၃၇ | -၉၉.၆၁၀ |
| | **စုစုပေါင်း** | **၄၆၇၇.၆၈၉** | **၃၆၄၈.၇၂၇** | **၁၀၂၈.၉၆၂** |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများအုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

**တန်ဖိုး- ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၅၅၈.၁၈၀ | ၁၄၃၆.၉၇၉ | ၁၂၁.၂၀၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၉၂၄.၁၅၇ | ၁၈၇၆.၃၆၉ | ၄၇.၇၈၈ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၂၂၃.၇၁၀ | ၁၁၄၆.၈၈၃ | ၇၆.၈၂၇ |
| | **စုစုပေါင်း** | **၄၇၀၆.၀၄၇** | **၄၄၆၀.၂၃၁** | **၂၄၅.၈၁၆** |

# အခုသုံးစွဲနေတဲ့ တစ်သောင်းကျပ်တန်နဲ့ အရောင်ကဆင်တူတယ်။ ဒါပေမယ့် ထည့်သွင်းထားတဲ့ လုံခြုံရေး အချက်အလက်တွေနဲ့ လုံခြုံရေးကြိုးအရောင်တွေက ကွာခြားပါတယ်

ဦးဝင်းမြင့်(ညွှန်ကြားရေးမှူးချုပ်)

ရှင်မင်း
ဓာတ်ပုံ–ထိန်နန်နေခ်

နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံရိုက်နှိပ်ထားသည့် ငွေစက္ကူများကို ပြည်သူများက အမြတ်တနိုးကိုင်တွယ် သုံးစွဲလိုကြသည်။ ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေရန် အဆိုပြုဆွေးနွေး အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူတစ်ထောင်တန် ပုံစံသစ်ကို လွတ်လပ်ရေးနေ့ အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့သည်။ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်တန် ငွေစက္ကူပုံစံသစ်ကို ဘဏ်များတွင် ဇန်နဝါရီ ၇ ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူထုတ်ဝေသုံးစွဲမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**မေး။ ။ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစား ပုံစံသစ်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ထုတ်ဝေတယ်ဆိုတာအရင်ဆုံးသိပါရစေ။**

ဖြေ။ ။ပြည်သူတွေအနေနဲ့ လက်ရှိကိုင်တွယ် သုံးစွဲနေတဲ့ငွေစက္ကူတွေကို နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး၊ လေးစားချစ်ခင်တန်ဖိုးထားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ ဂုဏ်ပြုရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေကို အမြတ်တနိုး ကိုင်တွယ်သုံးစွဲလိုတဲ့စိတ်ဆန္ဒတွေ လိုလားပြင်းပြမှုရှိနေကြပါတယ်။

ပြည်သူ့လွှတ်တော်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက ပြည်ထောင်စုအစိုးရအနေနဲ့ ရှေ့အနာဂတ်ကာလမှာ ရိုက်နှိပ်ထုတ်ဝေဖို့ရှိလာမယ့် ငွေစက္ကူတွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံတွေနဲ့ ရိုက်နှိပ်ထုတ်ဝေဖို့အတွက်လည်း အဆိုပြုဆွေးနွေး အတည်ပြုခဲ့ကြပါတယ်။

ငွေစက္ကူပုံစံသစ်တွေ ထုတ်ဝေရာမှာ ငွေစက္ကူအရည်အသွေး ပိုမိုကောင်းမွန်စေဖို့၊ အတုအပ ပြုလုပ်ခြင်းကနေ ကာကွယ်နိုင်ဖို့နဲ့ လုံခြုံရေးအဆင့်အတန်း မြှင့်တင်ဖို့ လိုအပ်တဲ့အခြေအနေတွေအရလည်း လိုအပ်သလို ပြင်ဆင်ထုတ်ဝေရပါတယ်။

ဒါကြောင့် ပြည်သူတွေရဲ့ဆန္ဒ လိုလားချက်နဲ့ လိုအပ်ချက်တွေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၅ နဲ့ ၆၆ ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပြည်သူတွေက တန်ဖိုးထားရတဲ့၊ လေးစားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ လုံခြုံရေးအဆင့် မြှင့်တင်ထားတဲ့ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)မှာ ဂုဏ်ပြုထုတ်ဝေရခြင်း ဖြစ်ပါတယ်။

**မေး။ ။ငွေစက္ကူသစ်ရဲ့ ပုံသဏ္ဌာန်နဲ့ လက္ခဏာတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)မှာ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်တန် ငွေစက္ကူပုံစံသစ်ကို စတင်ထုတ်ဝေပါတယ်။ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ရဲ့ ပေါ်လွင်တဲ့ အရောင်က အပြာရောင် ဖြစ်ပါတယ်။ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ရဲ့ မျက်နှာစာဘက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမျိုးသားဝတ်စုံနဲ့



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ငွေကြေးစီမံခန့်ခွဲမှုဌာန
ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်

ခေါင်းပေါင်းရုပ်ပုံနဲ့ ကျောဘက်မှာ လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားပါတယ်။

အရွယ်အစားအားဖြင့် အလျား ၁၅၀ မီလီမီတာနဲ့ အနံ ၇၀ မီလီမီတာ ရှိပါတယ်။ လုံခြုံရေး ကြိုးကို တစ်ဝက်ဖုံး၊ တစ်ဝက်ပေါ် ဒေါင်လိုက်မြှုပ်ထားပြီးတော့ Colour Shift ရောင်ပြေးနည်းပညာတွေနဲ့ ပြုလုပ်ထားတဲ့အတွက် ငွေစက္ကူလှုပ်ရှားမှုရှုထောင့်တိုင်းမှာ ရွှေရောင်ကနေ အစိမ်းရောင်ကို ထူးခြားစွာ ရုပ်လုံးကြွ အရောင်ပြောင်းလဲမှုကို မြင်တွေ့နိုင်ပါတယ်။

အလင်းရောင်မှာ ထောင်ကြည့်မယ်ဆိုရင် ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံရဲ့ လက်ဝဲဘက်မှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ရေစာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ငွေစက္ကူ ဆေးသားရိုက်နှိပ်ရာမှာ ဖောင်းကြွပုံနှိပ်နည်းစနစ်နဲ့ ရိုက်နှိပ်ထားတဲ့အတွက် ငွေစက္ကူတန်ဖိုး အမျိုးအစားနဲ့ အမှတ်အသားတွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် စတဲ့နေရာတွေဟာ ပီပြင်ထင်ရှားတဲ့အပြင် လက်နဲ့ စမ်းသပ်ကြည့်မယ်ဆိုရင်လည်း ကြမ်းတမ်းမှုရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းနဲ့ အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းနဲ့ ဒေါင်လိုက်ရိုက်နှိပ်ထားပါတယ်။

ငွေစက္ကူရဲ့ မျက်နှာစာဘက်ရှိဘယ်၊ ညာ အစွန်းတွေမှာ အမြင်အာရုံအားနည်းသူ၊ ချို့ယွင်းသူတွေအတွက် လက်နဲ့စမ်းသပ်ကြည့်မယ်ဆိုရင် အာရုံခံသိရှိနိုင်တဲ့ ဖောင်းကြွလိုင်းတိုမျဉ်းကြောင်းငယ် ၁၁ ကြောင်းစီ ရိုက်နှိပ်ထားပါတယ်။

ငွေစက္ကူမျက်နှာစာရဲ့ လက်ယာဘက်က မြန်မာစာသားတစ်ထောင်ကျပ် နံဘေးက ခဲရောင်ဇရိယာကို ၄၅ ဒီဂရီခန့်လောက် စောင်းကြည့်မယ်ဆိုရင် အင်္ဂလိပ်စာလုံး “CBM” ကို Latent Images စာလုံးတွေရော မြှုပ်ရိုက်နှိပ်ထားတာကို တွေ့မြင်နိုင်ပါတယ်။

ငွေစက္ကူရဲ့ ကျောဘက်ခါးလယ်မှာ ရွှေရောင်ကနုတ်ကွက်ကို ဒေါင်လိုက် ရိုက်နှိပ်ထားတာကို တိမ်းစောင်းကြည့်မယ်ဆိုရင် မြင်တွေ့နိုင်ပါတယ်။

**မေး။ ။ပုံစံသစ်မှာ အဆင့်မြှင့်ထားတဲ့ ငွေစက္ကူလုံခြုံရေး အမှတ်အသားတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါ။**

ဖြေ။ ။မူလအဟောင်း တစ်ထောင်ကျပ်တန် ငွေစက္ကူရဲ့ လုံခြုံရေးကြိုးငွေရောင်အမှျင်သေးနေရာမှာ ကြိုးအကြီး ရွှေရောင် ရောင်ပြေးနဲ့ ပြီးတော့ တိမ်းစောင်းကြည့်မယ်ဆိုရင် အစိမ်းရောင်ကိုရုပ်လုံးကြွ အရောင်ပြောင်းလဲနိုင်တဲ့ လုံခြုံရေးကြိုး ထည့်သွင်းထားပါတယ်။ ဒါ့အပြင် ငွေစက္ကူပေါ်မှာ Micro Print စာလုံးငယ်တွေ များစွာ ထည့်ထားပါတယ်။ မှန်ဘီလူး ဒါမှမဟုတ် လက်ကိုင်ဖုန်းနဲ့ အနီးကပ်ဆွဲရိုက်ကြည့်မယ်ဆိုရင် ပြတ်သားစွာ တွေ့ရှိနိုင်ပါတယ်။ ငွေစက္ကူကျောဘက်မှာ တည့်တည့်ကြည့်မယ်ဆိုရင် မမြင်နိုင်ပေမယ့် နည်းနည်းတိမ်းစောင်းကြည့်ရင် ရွှေရောင်ကနုတ်ကွက်ကို ခါးလယ်မှာ ဒေါင်လိုက် ရိုက်နှိပ်ထားတာကို မြင်တွေ့နိုင်ပါတယ်။

**မေး။ ။တစ်သောင်းတန်နဲ့ တစ်ထောင်တန်က ဆင်တူတယ်လို့လည်း ပြောကြတာ ရှိပါတယ်။ ထပ်ပြီးတော့ ဗိုလ်ချုပ်ရုပ်ပုံနဲ့ ငွေစက္ကူထပ်ထုတ်ဖို့ အစီအစဉ်ကိုလည်း သိပါရစေ။**

ဖြေ။ ။အခုသုံးစွဲနေတဲ့ တစ်သောင်းကျပ်တန်နဲ့ အရောင်က ဆင်တူတယ်။ ဒါပေမယ့် ထည့်သွင်းထားတဲ့ လုံခြုံရေးအချက်အလက်တွေနဲ့ လုံခြုံရေးကြိုး အရောင်တွေက ကွာခြားပါတယ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ ကြေညာချက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ ငွေစက္ကူပုံစံသစ် အမျိုးမျိုးကိုထုတ်ဝေသွားဖို့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ပြည်သူအားလုံး သုံးစွဲနိုင်အောင် တစ်ထောင်ကျပ်တန်ကနေ စတင်ထုတ်ဝေခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့❖







ယနေ့အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ




၁၉၄၄ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူ

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေးအောင်မြင်ဖို့အတွက် ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။ ငွေကြေးမူဝါဒထဲမှာ ငွေကြေးဖောင်းပွမှုမဖြစ်အောင် ထိန်းသိမ်းခြင်းလည်း ပါဝင်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးလိုအပ်ချက်ကို ဘဏ်တွေမှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဗဟိုဘဏ်မှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဟောင်းနွမ်းငွေစက္ကူတွေ ဖျက်ဆီးတဲ့အခြေအနေ၊ CIC လို့လည်းခေါ်တဲ့ ပြည်သူတွေအတွင်းမှာ ရောက်ရှိလည်ပတ်နေတဲ့ ငွေကြေးအခြေအနေတွေကို အခြေခံပြီးတော့ ငွေကြေးမူဝါဒ မူဘောင်အတွင်းကနေ ငွေကြေးလိုအပ်ချက်ကို တွက်ချက်သတ်မှတ်ပါတယ်။
- ဒီငွေကြေးလိုအပ်ချက် ဘောင်အတွင်းကပဲ ငွေစက္ကူအမျိုးအစားတွေကို လိုအပ်သလို ချိန်ဆပြီး ရိုက်နှိပ်ထုတ်ဝေနေတာ ဖြစ်ပါတယ်။
- ဒါကြောင့် သတ်မှတ်ချက်ဘောင်အတွင်းမှာပဲ ချိန်ဆဆောင်ရွက်နေတဲ့အတွက် ဒီ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ထုတ်ဝေမှုကြောင့်တော့ ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ဘူးဆိုတာကို ပြည်သူတွေကို အသိပေးလိုပါတယ်။

❖စာမျက်နှာ ၈ မှ

တန်ဖိုးတစ်ခုချင်းအလိုက် အစဉ်အတိုင်း ဆက်လက်ပြီးတော့ ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။

**မေး။ ။**ငွေစက္ကူသစ် ထုတ်ဝေတဲ့အတွက် ငွေကြေးဖောင်းပွမှု ဖြစ်မှာကို ပြည်သူတွေက စိုးရိမ်တာလည်း ရှိပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဖြစ်နိုင်မလား၊ ထိန်းချုပ်ဆောင်ရွက်နိုင်မလား ဆိုတာကိုလည်း ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။ ။**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ






၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ







၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ

ငွေကြေးတည်ငြိမ်ရေး အောင်မြင်ဖို့အတွက် ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ငွေကြေးမူဝါဒထဲမှာ ငွေကြေးဖောင်းပွမှုမဖြစ်အောင် ထိန်းသိမ်းခြင်းလည်း ပါဝင်ပါတယ်။ ဘဏ္ဍာနှစ်အလိုက် ငွေကြေးလိုအပ်ချက်ကို ဘဏ်တွေမှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဗဟိုဘဏ်မှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဟောင်းနွမ်းငွေစက္ကူတွေဖျက်ဆီးတဲ့ အခြေအနေ၊ CIC လို့လည်းခေါ်တဲ့ ပြည်သူတွေအတွင်းမှာ ရောက်ရှိလည်ပတ်နေတဲ့ ငွေကြေးအခြေအနေတွေကို အခြေခံပြီးတော့ ငွေကြေးမူဝါဒ မူဘောင်အတွင်းကနေ ငွေကြေးလိုအပ်ချက်ကို တွက်ချက်သတ်မှတ်ပါတယ်။

ဒီငွေကြေးလိုအပ်ချက် ဘောင်အတွင်းကပဲ ငွေစက္ကူအမျိုးအစားတွေကို လိုအပ်သလို ချိန်ဆပြီး ရိုက်နှိပ်ထုတ်ဝေနေတာ ဖြစ်ပါတယ်။

ဒါကြောင့် သတ်မှတ်ချက်ဘောင်အတွင်းမှာပဲ ချိန်ဆဆောင်ရွက်နေတဲ့အတွက် ဒီတစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ် ထုတ်ဝေမှုကြောင့်တော့ ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ဘူးဆိုတာကို ပြည်သူတွေကို အသိပေးလိုပါတယ်။

**မေး။ ။**အရင် ငွေစက္ကူတွေမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် ဆိုပြီး ဖော်ပြပါရှိတာရှိတယ်။ အခုမြန်မာနိုင်ငံတော်ဗဟိုဘဏ်လို့ ဖော်ပြထားတဲ့အတွက် ပြည်ထောင်စု စာသားမပါတော့တာ ဘယ်လိုအကြောင်းကြောင့်ဆိုတာကိုလည်း ပြောပြပေးပါ။

**ဖြေ။ ။**ငွေစက္ကူအမျိုးအစားပုံစံသစ်တွေ ရိုက်နှိပ်ထုတ်ဝေကြရာမှာ ဥပဒေအရ ငွေစက္ကူကိုရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ဌာန၊ အဖွဲ့အစည်းအမည်ကို ငွေစက္ကူပေါ်မှာ ရိုက်နှိပ်ဖော်ပြလေ့ရှိပါတယ်။

မှတ်တမ်းတွေအရ လွတ်လပ်ရေးရပြီးချိန်ကနေ ၁၉၅၂ ခုနှစ်အထိ ဗမာနိုင်ငံငွေကြေးအုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးတော့ ငွေစက္ကူအပေါ်မှာ **"ဗမာနိုင်ငံအစိုးရ"**၊ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ"**ဆိုပြီး ရိုက်နှိပ်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်"**၊ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၂ ခုနှစ် အထိ **"ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်"**၊ ၁၉၇၂ ခုနှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ **"ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်"**၊ ၁၉၉၀ ပြည့်နှစ်ကနေ ဒီနေ့အထိ **"မြန်မာနိုင်ငံတော်ဗဟိုဘဏ်"** တို့ဟာ ငွေစက္ကူတွေကို ဥပဒေအရ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ ဌာန၊ အဖွဲ့အစည်း ဖြစ်ပါတယ်။




၁၉၇၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ

ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ဥပဒေအရ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ဌာန၊ အဖွဲ့အစည်းဖြစ်တဲ့အတွက် တစ်ထောင်ကျပ်တန် ငွေစက္ကူအသစ်မှာလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်လို့ ရိုက်နှိပ်ဖော်ပြခြင်း ဖြစ်ပါတယ်။ ပြင်ပမှာ ပြောဆို ဖော်ပြနေကြတဲ့ ပြည်ထောင်စုဆိုတဲ့ စာလုံးကိုဖြုတ်ထားတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေမှာလည်း နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။

**မေး။ ။**ငွေစက္ကူသစ်နဲ့ ပတ်သက်ပြီး ပြည်သူတွေကိုအသိပေးပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ။ ။**ပြည်သူတွေအနေနဲ့ သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေ ကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူတွေကလည်း ငွေစက္ကူတွေ ပျက်စီးစေမယ့် ခေါက်ခြင်း၊ ချိုးခြင်း၊ လိပ်ခြင်း၊ လုံးခြေခြင်းတွေ မပြုလုပ်ဖို့၊ ဆီစွန်းညစ်ပေခြင်း၊ ညစ်ပတ်စွန်းပေခြင်းမျိုး မဖြစ်အောင် ကိုင်တွယ်ဖို့နဲ့ ငွေစက္ကူအပြန့်အတိုင်း သပ်သပ်ရပ်ရပ် ကိုင်တွယ်သုံးစွဲပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဟောင်းနွမ်းညစ်ပေနေတဲ့ ငွေစက္ကူတွေကို ဗဟိုဘဏ်ကို အပ်နှံလဲလှယ်ဖို့ ဘဏ်တွေအားလုံးကို ညွှန်ကြားထားပြီးပါပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းညစ်ပေ စုတ်ပြဲနေတဲ့ ငွေစက္ကူတွေရှိရင်လည်း နီးစပ်တဲ့ ဘဏ်တွေမှာ အပ်နှံလဲလှယ်ပြီး သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကို ကိုင်တွယ်သုံးစွဲနိုင်တဲ့အကြောင်းကိုလည်း ပြောကြားလိုပါတယ်။

❖ ပြည်သူတွေအနေနဲ့ သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေ ကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူတွေကလည်း ငွေစက္ကူတွေ ပျက်စီးစေမယ့် ခေါက်ခြင်း၊ ချိုးခြင်း၊ လိပ်ခြင်း၊ လုံးခြေခြင်းတွေ မပြုလုပ်ဖို့၊ ဆီစွန်းညစ်ပေခြင်း၊ ညစ်ပတ်စွန်းပေခြင်းမျိုးမဖြစ်အောင် ကိုင်တွယ်ဖို့နဲ့ ငွေစက္ကူအပြန့်အတိုင်း သပ်သပ်ရပ်ရပ် ကိုင်တွယ်သုံးစွဲပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဟောင်းနွမ်းညစ်ပေနေတဲ့ ငွေစက္ကူတွေကို ဗဟိုဘဏ်ကို အပ်နှံလဲလှယ်ဖို့ ဘဏ်တွေအားလုံးကို ညွှန်ကြားထားပြီးပါပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းညစ်ပေ စုတ်ပြဲနေတဲ့ ငွေစက္ကူတွေရှိရင်လည်း နီးစပ်တဲ့ ဘဏ်တွေမှာ အပ်နှံလဲလှယ်ပြီး သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကို ကိုင်တွယ်သုံးစွဲနိုင်တဲ့အကြောင်းကိုလည်း ပြောကြားလိုပါတယ်။







၁၉၇၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ







ယနေ့အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

# ရန်ကုန်မြို့တော်၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

**မင်းသစ်(MNA)**

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် လိုအပ်နေသည့် အကြောင်းအရင်းများထဲတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဖူလုံမှုရှိစေမည့် နည်းလမ်းများကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ လျှပ်စစ်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသည် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ YEIG (Yunnan Energy Investment Group) ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် UREC (Union Resources & Engineering Co., Ltd.) တို့ ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၁၂၆ သန်း ရင်းနှီးမြှုပ်နှံ၍ ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စက်များစတင်လည်ပတ်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့သည်။

UREC ၏ ပင်မကုမ္ပဏီဖြစ်သည့် YEIG ကုမ္ပဏီသည် ယူနန်ပြည်နယ်အစိုးရနှင့် CPC ကော်မတီ၏ အတည်ပြုချက်ဖြင့် ၂၀၁၂ ခုနှစ်တွင် ယူနန်ပြည်နယ်တွင် တည်ထောင်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနှံ့အပြား၌ ရေအားလျှပ်စစ်၊ အပူစွမ်းအင်၊ နေရောင်ခြည်သုံးစွမ်းအင်၊ လေစွမ်းအင် စသည့် စွမ်းအင်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိကာ စုစုပေါင်း မဂ္ဂါဝပ် ၁၅၀၀၀ ကျော် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ YEIG ၏ စုစုပေါင်း ပိုင်ဆိုင်မှုသည် တရုတ်ယွမ် ၁၈၇ ဘီလီယံရှိသည်။ နှစ်စဉ်ဝင်ငွေ ၁၁၃ ဘီလီယံရရှိနေပြီး ယူနန်ပြည်နယ်၏ စုစုပေါင်းဓာတ်အားထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်ပေးနေသော ကုမ္ပဏီကြီးဖြစ်သည်။

YEIG ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် UREC Energy International Co., Ltd. သည် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူနှင့် ဟောင်ကောင်တို့တွင် ရုံးခွဲများ ဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံ၌ သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ရွှေလီ (၁) ၆၀၀ မဂ္ဂါဝပ်ရေအားလျှပ်စစ်စက်ရုံတို့ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရခြင်းနှင့်စပ်လျဉ်းပြီး "UREC Energy International Co., Ltd. မန်နေးဂျင်းဒါရိုက်တာ Mr. Dong Fan က UREC အနေနဲ့ နောက်ဆုံးပေါ်နည်းပညာတွေ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းကို အဓိကထားရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကလည်း တစ်နေ့တခြား တိုးတက်လာတာကိုတွေ့ရပြီး နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ဖို့ ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ UREC ကုမ္ပဏီအနေနဲ့ နှစ်ဖက်အကျိုးကို ဖော်ဆောင်နိုင်ပြီး မြန်မာနိုင်ငံတိုးတက်ရေးအတွက် အများအကျိုးပြု ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်လိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံရတာဖြစ်ပါတယ်"ဟု ပြောသည်။


သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

သာကေတဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီ သန်းပေါင်း ၈၀၀ ခန့် ထုတ်လုပ်နေသဖြင့် အိမ်ထောင်စုပေါင်း ၄၂၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ရန်ကုန်မြို့တော်၏ လျှပ်စစ်လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း အထောက်အကူပြုလျက်ရှိသည်။

**"ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝလျှပ်စစ်ဓာတ်အားရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ"**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၃၄ ရာခိုင်နှုန်းအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၅၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ခြောက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တစ်ရုံ၊ စုစုပေါင်းစက်ရုံ(၁၀)ရုံနှင့် လျှပ်စစ်ဓာတ်အား ၉၀၄ မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

ထို့အတူ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လာသည်နှင့်အမျှ ထုတ်လုပ်ပေးသည့် ဓာတ်အားများကို ကျေးလက်မြို့ပြမကျန် အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း စုစုပေါင်း မိုင် ၁၉၆၀၀ ကျော်နှင့် ၁၂၆၃၆ အမ်ဗွီအေဓာတ်အားခွဲရုံများကို ၂၀၁၆ ခုနှစ်မှစတင်ပြီး သုံးနှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။

ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝလျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်က အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ အခြေခံအဆောက်အဦတွေ ဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ အလွန်အခြေခံကျပြီး အရေးကြီးပါတယ်။ ဥပမာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိရင် တိုးတက်မလာနိုင်ပါဘူး။ ဒါဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စီးပွားရေးအရ အလွန်အရေးကြီးပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့လူနေမှုဘဝဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာလည်း လျှပ်စစ်မီးလင်းရေးဟာ မရှိမဖြစ်ပါတယ်"ဟု Mr. Dong Fan က သုံးသပ်ထားသည်။

YEIG နှင့် UREC အနေဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့အနီးရှိ မီးလင်းချိုင့်ဒေသတွင် LNG မှ လျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပါဝင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

"UREC အနေနဲ့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀ ကျော် လုပ်ကိုင်လာတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ YEIG နဲ့ UREC ဟာ အနာဂတ်ကာလမှာ ယူနန်အစိုးရရဲ့ ပထမဦးစားပေးအဖြစ်နဲ့ မြန်မာပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍမှာ ထပ်ပြီးရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမယ့် အစီအစဉ်တွေရှိပါတယ်။ YEIGမှ နည်းဗျူဟာနှင့် ဘဏ္ဍာရေးပံ့ပိုးမှုတွေနှင့်အတူ UREC အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍမှာ နောင်လာမယ့် ငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်"ဟု Mr. Dong Fan က ဆိုသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံးအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၂၁၆၈၁ ဒသမ ၆၇၈၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၈၃ ဒသမ ၄၃၅ ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၇၄၆ ဒသမ ၆၂၀ နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာငွေကျပ်သန်း ၅၉၀၆၀ ဒသမ ၅၅၄ ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သန်လျင်လူငယ်သင်တန်းကျောင်းရှိ လူငယ်များနှင့်တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ လူငယ်သင်တန်းကျောင်း၌ လူငယ်များအား လုံခြုံစွာစောင့်ရှောက်နိုင်ရေးအတွက် လေးထပ်ဆောင် အဆောက်အဦအသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောလျင်စွာပြီးစီးရေး အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် လူငယ်သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီးက အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာကြသော ကလေးသူငယ်နှင့် လူငယ်များအား ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေအရ ကာကွယ်စောင့်ရှောက်နေမှုများ၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပြုစုလေ့ကျင့်ပေးနေမှုများ၊ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးနှင့် မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံရေး ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများ၊ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း ထူးခြားအခြေအနေ ဖြစ်ပေါ်သော ကလေးများကို တစ်ဦးချင်းနှစ်သိမ့်ဆွေးနွေးပေးနေမှုများနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလေ့ကျင့်ပေးနေမှုများစသည်တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပြန်လည်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းရှိ ကလေးသူငယ်နှင့် လူငယ်များအားတွေ့ဆုံ၍ ကလေးသူငယ်များရရှိရမည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် မူးယစ်ဆေးသုံးမိသူများအနေဖြင့် ဆေးစွဲသူများဘဝမှ ဆေးဖြတ်၍ မူးယစ်သံသရာမှ လွတ်မြောက်အောင် အသိတရားဖြင့် မိမိကိုယ်ကို ပြုပြင်နိုင်ပြီး အဆိုးကျော့သံသရာမှလွတ်မြောက်၍ မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းများနှင့် လူမှုပတ်ဝန်းကျင်သို့ ပိုမိုကောင်းမွန်သော အခြေအနေများဖြင့် ပြန်လည်ဝင်ဆံ့အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အစိုးရက အနာဂတ်၏ မျိုးဆက်သစ်ကလေးသူငယ်များနှင့် လူငယ်များကို ကောင်းမွန်သော လက်ဆင့်ကမ်းအမွေများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အားပေးစကားပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး သန်လျင်လူငယ်သင်တန်းကျောင်းသည် ၂၀၁၂ ခုနှစ်မှစတင်၍ ကလေးသူငယ်နှင့် လူငယ်သင်တန်းသားများကိုလက်ခံ၍ ပျိုးထောင်ကာကွယ်စောင့်ရှောက်ပေးရန် လူဦးရေ ၁၅၀ ဆံ့ အဆောက်အဦသာရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေထွက်ရှိပြီးနောက် ကလေးသူငယ်၏ အသက်ကို (၁၈)နှစ်အောက်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် လက်ရှိတွင် ကလေးသူငယ်နှင့် လူငယ် ၅၀၂ ဦးကို ကာကွယ်စောင့်ရှောက်မှုပေးနေသည်။

လက်ခံစောင့်ရှောက်ပေးရမည့်ဦးရေ ပိုမိုများပြားလာသဖြင့် လိုအပ်သော အဆောက်အဦအသစ်ကို ဝန်ကြီးဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သတင်းမီဒီယာများတွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀)အပါအဝင် ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သည့်ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။



အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

**အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၁၀၂ ဦး**

ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုအစည်းအဝေး အမှတ်စဉ် (၁/ ၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း လေးခု၊ အတည်ပြုလုပ်ငန်း ၁၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၄၅၁ သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၁၀၂ ဦးကို ဖန်တီးပေးမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည့် ဟောင်ကောင်အခြေစိုက် CNTIC VPower KY3 Limited လည်း ပါဝင်ပါကြောင်း၊ အဆိုပါလုပ်ငန်းမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၆၅၈ ဒသမ ၈ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရာနှုန်းပြည့် ပြည်တွင်း၌ အသုံးပြုသွားမည်ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းအား ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုများထံသို့ ဖြန့်ဖြူးမည်ဖြစ်ကာ ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းကိုသာ မဟာဓာတ်အားလိုင်းသို့ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၎င်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၄၆ ဒသမ ၉၄ သန်း ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁၂၈ ဒသမ ၄၀၀ အပါအဝင် ကျပ် ၇၁၆၄၅၁ ဒသမ ၂၈၄ သန်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ပြီး အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်း ပြည်ပ သတင်းမီဒီယာ ၁၀ ခုမှ သတင်းထောက် ၁၂ ဦး တက်ရောက်ခဲ့ကြပြီး သတင်းမှတ်တမ်း ရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကျုံပျော်မြို့နယ် ဆောက်တန်းကျေးရွာ၌ မော်ကွန်းသဇင်ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်

**ကျုံပျော် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းပါအုပ်စု ဆောက်တန်းကျေးရွာ၌ မော်ကွန်းသဇင်ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။


အခမ်းအနားတွင် အလှူရှင် ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်အောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် ကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူးက စာကြည့်တိုက်ဆောက်လုပ်ခြင်းကို ရှင်းလင်းတင်ပြ၍ မသဇင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ကို ၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် ပထမရသော မသဇင်ဝင်း၏ ဆန္ဒအရ ကျေးရွာအတွင်းရှိ ကလေးသူငယ်များအပါအဝင် ရွာသူ ရွာသားများ အသိပညာ တိုးပွားစေရန် ပါမောက္ခဒေါက်တာဦးမျိုးမြင့်၊ ပါမောက္ခ ဒေါက်တာ ဒေါ်တင်တင်အောင်တို့ ဦးဆောင်ပြီး အလှူရှင်တစ်စုက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မြို့နယ်ပြန်\ဆက်**

# Best Foreign Language Film Oscar ဆုနှင့် Best Screenplay ဆုရ NO MAN'S LAND ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဒါရိုက်တာ DanisTanovic ၏ လက်ရာကောင်းတစ်ခုဖြစ်သော "NO MAN'S LAND" ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည် ဖြစ်သည်။




ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် ၃၄ ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာစီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၂၀၀၁ ခုနှစ် Best Foreign Language Film Oscar ဆုနှင့် Cannes Film Festival တွင် Screenplay ဆုများရရှိခဲ့သည့် War Film အမျိုးအစားဖြစ်ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ ၁၉၉၃ ခုနှစ် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့အကြား ဖြစ်ပွားခဲ့သော ဘော့စနီးယားစစ်ပွဲအကြောင်းကို အခြေခံထားကြောင်း၊ စစ်ဖြစ်နေသော နှစ်နိုင်ငံမှ စစ်သားနှစ်ယောက်သည် စစ်မက်ဖြစ်ပွားချိန်တွင် ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ လူသားချင်းစာနာထောက်ထားမှုတို့ကို ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

**သိန်းထိုက်သူ(FDC)**

# ၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသွားအရေအတွက် မြင့်တက်

—o အောင်ကျော်ကျော် o—



၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားဦးရေ ၉၁၀၀၀၀ ခန့်ရှိခဲ့သည်ဟု မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအရေအတွက်သည် ၂၀၁၈ ခုနှစ်အတွင်း လာရောက်ခဲ့သော ခရီးသွားအရေအတွက်ထက် ၃၃ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုများပြားသည်။ မြန်မာနိုင်ငံသို့ လာရောက်ကြသော ခရီးသွားများသည် အာရှနိုင်ငံများမှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံမှဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ခရီးသွားအများအပြား လာရောက်သည့်နိုင်ငံတစ်ခုဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ကြသည့် တရုတ်ခရီးသွားဦးရေ ၃၂၀၈၈၂ ခန့်ရှိခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း တရုတ်ခရီးသွားများ လာရောက်လည်ပတ်မှုပမာဏထက် ၁၄၀ ရာခိုင်နှုန်း ပိုမိုများပြားသည်။ အဆိုပါ ပမာဏများပြားလာမှုကို ကြည့်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ မြင့်တက်လာသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် မြန်မာနိုင်ငံသို့ လာရောက်သော တရုတ်ခရီးသွားအရေအတွက် ပိုမိုများပြားလာလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်ခရီးသွားများအား ပိုမိုဆွဲဆောင်လက်ခံနိုင်ရန် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် တရုတ်ခရီးသွားများကို ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခဲ့သည်။

တရုတ်-မြန်မာနှစ်နိုင်ငံအကြား တိုက်ရိုက်ပြေးဆွဲသော လေကြောင်းလိုင်း ၁၅၀ ကျော် ရှိလာပြီဖြစ်သည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သော သုံးနှစ်ကရှိခဲ့သည့် လေကြောင်းလိုင်းပမာဏထက် သုံးဆပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဟိုင်းက ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လက မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ရန်ကုန်မှ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ တိုက်ရိုက်ပြေးဆွဲသော Spring Airlines တရုတ် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ယင်း လေကြောင်းလိုင်းပြေးဆွဲမှုကြောင့် ယခင် ခုနစ်နာရီကြာ သွားလာရသော ခရီးစဉ်ကို ထက်ဝက်နီးပါး လျှော့ချပစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသွားများအတွက် ပိုမိုအဆင်ပြေသွားစေသည်။

မြန်မာနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာမူဝါဒများနှင့် ပို့ဆောင်ဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှုတို့ကြောင့် စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့သည် တရုတ်ခရီးသွားများအတွက် စီးပွားရေး ရင်းနှီးမြှုပ်နှံရာနေရာသစ်တစ်ခု ဖြစ်လာပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ကြသော ခရီးသွားများအတွက် ပြည်ဝင်ခွင့်ဗီဇာမူဝါဒများကို ဖြေလျှော့ပေးခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်မှုအပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ အထူးစီမံချက်၊ တာဝန်ယူမှုအပြည့်အဝရှိသော ခရီးသွားလုပ်ငန်းမူဝါဒတို့အပါအဝင် အခြားမူဝါဒများကို အကောင်အထည်ဖော်ဆောင်ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအနေဖြင့် ဘေးကင်းလုံခြုံမှုအပြည့်အဝရရှိကာ အကျိုးစီးပွားအများအပြားရရှိခံစားရမည်ဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကြီးမားသော အစဉ်အလာရှိကြသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဓိကအဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့်အပြင် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် တက်ကြွစွာ ပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံသမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်သမ္မတရှီကျင့်ဖျင်သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၁၇ မှ ၁၈ ရက်အထိ နှစ်ရက်ကြာ အလည်အပတ် ရောက်ရှိမည်ဖြစ်သည်။

နှစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်မည်ဖြစ်ပြီး အပြန်အလှန်အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်သည်။

ကိုးကား – China Global Television Network

## ကာကွယ်ရေးစရိတ် မျှဝေကျခံမှုအားလုံးကို အမေရိကန်နှင့် ဂျပန် ဆွေးနွေးမည်

ဝါရှင်တန် ဇန်နဝါရီ ၁၆

ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များထားရှိခြင်း၏ ကုန်ကျစရိတ်အပါအဝင် ကာကွယ်ရေးဆိုင်ရာ တာဝန်အားလုံးကို မည်သို့မျှဝေကျခံမည်ဆိုသည်နှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကလာ့ခ်ကော်ပါ။

ဂျပန်နိုင်ငံ၌ စစ်စခန်းချထားသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကုန်ကျစရိတ်ဆိုင်ရာ လက်ရှိချုပ်ဆိုထားသော ငါးနှစ်တာသဘောတူညီချက်စာချုပ်သက်တမ်းသည် ၂၀၂၁ ခုနှစ် မတ်လတွင် ကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အစိုးရက ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် ကုန်ကျစရိတ်ဆိုင်ရာ မျှဝေကျခံမှုကို သိသိသာသာ တိုးမြှင့်ရန် ဂျပန်နိုင်ငံအား တောင်းဆိုခဲ့သည်။

မိမိတို့အနေဖြင့် ဂျပန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ရန် အခု ၂၀၂၀ ပြည့်နှစ်တွင် အလျင်အမြန် လှုပ်ရှားဆောင်ရွက်မှုစတင်မည်ဖြစ်ကြောင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကလာ့ခ်ကော်ပါက ဇန်နဝါရီ ၁၅ ရက်တွင် ဝါရှင်တန်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

ကုန်ကျစရိတ်အပါအဝင် ကာကွယ်ရေးဆိုင်ရာလုပ်နိုင်စွမ်းနှင့် အရဲစွန့်မှုတို့ကို မျှဝေကျခံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက ၎င်း၏ မဟာမိတ်နိုင်ငံများကို မျှော်လင့်လျက်ရှိကြောင်း ကလာ့ခ်ကော်ပါက အလေးထားပြောကြားခဲ့သည်။ ထရမ့်အစိုးရသည် တောင်ကိုရီးယားနိုင်ငံကိုလည်း အလားတူ တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် တောင်ကိုရီးယားနိုင်ငံကမူ လိုက်နာရန် သဘောတူညီခြင်းမရှိခဲ့ပေ။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

## မိုးပျံတက္ကစီများ တည်ဆောက်ရေးတွင် တိုယိုတာကုမ္ပဏီက ဒေါ်လာ သန်း ၄၀၀ နီးပါး ရင်းနှီးမြှုပ်နှံ

တိုကျို ဇန်နဝါရီ ၁၆

မိုးပျံတက္ကစီများ တည်ဆောက်ရေးတွင် အမေရိကန်နိုင်ငံမှ ပေါ်ထွန်းစလုပ်ငန်းတစ်ခုနှင့် ပူးတွဲလုပ်ကိုင်မည်ဟု တိုယိုတာမော်တော်ကားကုမ္ပဏီက ကြေညာလိုက်သည်။

မြို့တော်ကြီးများဝန်းကျင်၌ ခေါက်တုံ့ခေါက်ပြန်သွားနိုင်သည့် လေယာဉ်ပျံများ တီထွင်ရန် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ Joby Aviation သို့ ကူညီမည်ဟု ဂျပန်မော်တော်ကားကုမ္ပဏီတိုယိုတာက ပြောသည်။ တိုယိုတာကုမ္ပဏီက အဆိုပါမိုးပျံယာဉ်များ တည်ဆောက်ရေးစီမံကိန်း၌ အမေရိကန်ဒေါ်လာ ၃၉၄ သန်း ထည့်ဝင်ခဲ့ရာ ထိပ်တန်းရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့သည်။ တိုယိုတာကုမ္ပဏီက လျှပ်စစ်ကားနည်းပညာ၊ ထုတ်လုပ်မှု၊ အရည်အသွေးနှင့် ကုန်ကျစရိတ်ထိန်းချုပ်မှုများတွင် ပညာရပ်များ မျှဝေသွားမည်ဖြစ်သည်။

မိုးပျံတက္ကစီတီထွင်နေသည့် ဂျာမနီကုမ္ပဏီတစ်ခုသည် ပြီးခဲ့သောနှစ်က စင်ကာပူ၌ ခရီးသည်နှစ်ဦးတင်ဆောင်နိုင်သော မိုးပျံယာဉ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့သည်။ ကုမ္ပဏီများစွာကလည်း အလားအလာကောင်းသော မိုးပျံတက္ကစီလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ရန် မျှော်လင့်နေကြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန် – ကျော်ထိုက်စိုး




## ဝန်ထမ်းများအား စောစီးစွာ အငြိမ်းစားယူရန် ဂျပန်ကုမ္ပဏီများ ကမ်းလှမ်း

တိုကျို ဇန်နဝါရီ ၁၆

ဂျပန်နိုင်ငံရှိ ကုမ္ပဏီအများစုသည် ဝန်ထမ်းများအား စောစီးစွာအငြိမ်းစားယူရန် ကမ်းလှမ်းကြကြောင်း သုတေသနပြုမှုတစ်ရပ်တွင် ဖော်ပြသည်။ ၎င်းကုမ္ပဏီများထဲတွင် နာမည်ကြီး ကုမ္ပဏီများသာမက ရပ်တည်ရန် ကြိုးစားနေဆဲကုမ္ပဏီများလည်း ပါဝင်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း ကုမ္ပဏီပေါင်း ၃၆ ခုက ဝန်ထမ်းများအား စောစီးစွာအငြိမ်းစားယူရန် ကမ်းလှမ်းခဲ့ပြီး ထိုကုမ္ပဏီများထဲတွင် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရောင်းချသော တိုရှီဘာကဲ့သို့သော ကုမ္ပဏီအပါအဝင် ကုမ္ပဏီ ၁၂ ခု ပါဝင်သည်။

၎င်းကုမ္ပဏီများထဲတွင် ထက်ဝက်ခန့်မှာ အမြတ်အစွန်းရရှိခဲ့ပြီး ကာစီရိုကွန်ပျူတာကုမ္ပဏီနှင့် အက်စတီလာဆေးဝါးကုမ္ပဏီတို့ကဲ့သို့ ကုမ္ပဏီများ ပါဝင်သည်။ ကုမ္ပဏီအများစုအနေဖြင့် လုပ်ငန်းများ တည်ငြိမ်နေစဉ် ၎င်းတို့၏ ဖွဲ့စည်းပုံကိုပြောင်းလဲရန် ကြိုးပမ်းနေကြကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

## ဩစတြေးလျတောမီးလောင်မှုငြိမ်းသတ်ရန် ဂျပန်ကာကွယ်ရေးလေယာဉ်များ ဩစတြေးလျသို့ ဆိုက်ရောက်

ရစ်ချ်မွန်း(ဩစတြေးလျ) ဇန်နဝါရီ ၁၆

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့၏ C-130 အမျိုးအစားလေယာဉ်နှစ်စင်းသည် တောမီးလောင်မှုငြိမ်းသတ်ရေးအတွက် ဩစတြေးလျနိုင်ငံ၌ ဖြန့်ကြက်ထားသော ဂျပန်တပ်ဖွဲ့ဝင်ရှစ်ဦးနှင့် ပူးပေါင်းရန် တပ်ဖွဲ့ဝင် ၇၀ နှင့်အတူ ဩစတြေးလျဘုရင့်လေတပ်အခြေပြုစခန်းတစ်ခုသို့ ယနေ့ ဆိုက်ရောက်ခဲ့သည်။

ဂျပန်ဗိုလ်မှူးကြီးမာဆာရှီအိုတာ ဦးဆောင်သော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်မှ တပ်ဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော တောမီးလောင်မှုငြိမ်းသတ်ရေးအတွက် ဩစတြေးလျတပ်ဖွဲ့ကို အကူအညီပေးရန် အထက်မှအမိန့်ရရှိခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်၊ ဗစ်တိုးရီးယားနှင့် တောင်ဩစတြေးလျပြည်နယ်များတွင် ဖြန့်ကြက်ထားမည်ဟု ယူဆရသည်။

ဩစတြေးလျနိုင်ငံသို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရောက်ရှိခဲ့ပြီးနောက် သတင်းထောက်များက တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဂျပန်တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမာဆာရှီအိုတာက တောမီးငြိမ်းသတ်ရေးအတွက် ဩစတြေးလျတပ်မတော်အား အပြန်အလှန်အကူအညီပေးရန် အခွင့်ရရှိသောကြောင့် အလွန်ပင်ဝမ်းသာမိပါကြောင်း၊ အကြောင်းမှာ ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ၌ ငလျင်လှုပ်ပြီး ဆူနာမီရေလှိုင်းဒဏ်ကြောင့် နိုင်ငံ၏ အရှေ့ဘက်တွင် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ပြီးနောက် ဩစတြေးလျတပ်မတော်က ဂျပန်နိုင်ငံကို အကူအညီပေးခဲ့သောကြောင့်ဖြစ်သည်ဟု ဖြေကြားခဲ့သည်။

ထိုစဉ်က ဩစတြေးလျတပ်မတော်သည် ဂျပန်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရန် စစ်ဘက်လေယာဉ်များကို ဂျပန်နိုင်ငံ၌ ဖြန့်ကြက်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်ကို ပြန်ကြည့်သောအခါ မိမိတို့အတွက် အလွန်ကြီးမားသော အကူအညီပင်ဖြစ်ပါကြောင်း၊ ထိုစဉ်က ဂျပန်နိုင်ငံအတွက် ဩစတြေးလျအစိုးရ၏ လုပ်ရပ်ဟူသမျှကို ဘယ်အခါမျှ မေ့နိုင်မည်မဟုတ်ကြောင်း မာဆာရှီအိုတာက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာလကတည်းက ဖြစ်ပွားခဲ့သည့် ဩစတြေးလျတောမီးလောင်မှုကြောင့် လူ ၂၈ ဦး သေဆုံးခဲ့ပြီး တောမြေဧရိယာဟက်တာပေါင်း ၁၀ သန်းကျော် ပျက်စီးကာ တိရစ္ဆာန်အကောင်တစ်ဘီလီယံကျော် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကိုးကား – ကျိုဒိုနယူးစ်
ဘာသာပြန် – ဂျေတီ

# အမေရိကန်နှင့် တရုတ် အဆင့်တစ်ကုန်သွယ်ရေးစာချုပ် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် နှစ်နှစ်နီးပါးကြာ တင်းမာမှုများဖြစ်ပွားပြီးနောက် ယမန်နေ့က ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

အဆိုပါ "အဆင့်တစ်" သဘောတူညီချက်မှာ စွပ်စွဲပြစ်တင်မှုနှင့် ယခုနှစ်အတွင်း မဲဆွယ်စည်းရုံးမှုတွင် ပြင်းထန်သောယှဉ်ပြိုင်မှုရင်ဆိုင်နေရသည့် ဒေါ်နယ်ထရမ့်အတွက် ကျက်သရေမင်္ဂလာတစ်ခုဖြစ်ပြီး သမ္မတထရမ့်က ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်ကို အလွန်အရေးပါကြောင်း ကြိုဆိုဂုဏ်ပြုလိုက်သည်။ တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံကျော် တန်ကြေးရှိ သွင်းကုန်များ၏ သုံးပုံနှစ်ပုံအပေါ် စည်းကြပ်ခွန်များရှိနေဆဲဖြစ်သည်။ သဘောတူညီချက်တွင် အမေရိကန် လယ်ယာထုတ်ကုန်များနှင့် အခြားပို့ကုန်များကို နှစ်နှစ်ကြာတိုးမြှင့်ဝယ်ယူမည့် တရုတ်နိုင်ငံ၏ ကတိကဝတ်များ ပါရှိသည့်အပြင် အမေရိကန်နည်းပညာအတွက် အကာအကွယ်ပေးမှုများ၊ တရုတ်နိုင်ငံက လက်တုံ့မပြန်နိုင်စေရန် အမေရိကန်နိုင်ငံက ဒဏ်ငွေပြစ်ဒဏ်များ မြန်မြန်ဆန်ဆန် အရေးယူမှုများ ပြုလုပ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းအသစ်များ ထည့်သွင်းထားသည်။



တရုတ်ဒုတိယဝန်ကြီးချုပ်လျူဟေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ အဆင့်တစ်ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးစဉ်။

"တရားမျှတပြီး အပြန်အလှန်ရှိတဲ့ ကုန်သွယ်မှုတစ်ခုဖြစ်စေမယ့် တရုတ်နိုင်ငံနဲ့ ဘယ်အခါမှမရှိခဲ့ဖူးသော အလွန်အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ကို ဒီကနေ့ ကျွန်တော်တို့ စတင်လိုက်ပါပြီ"ဟု အိမ်ဖြူတော်၌ကျင်းပသော လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။ အမေရိကန်နှင့် တရုတ်ကြား ကုန်သွယ်ရေးပွတ်တိုက်မှုများ ဖြေလျှော့လာခြင်းကြောင့် မကြာသေးမီ သီတင်းပတ်များအတွင်း ကမ္ဘာတစ်ဝန်းရှိ စတော့ဈေးကွက်များ ထိုးတက်သွားခဲ့သည်။ သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အာရှတိုက်ရှိ ဈေးကွက်အများစု စံချိန်တင်မြင့်တက်လာခဲ့သည်။ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာ၊ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်နှင့် တရုတ်နိုင်ငံ၏ စေ့စပ်ဆွေးနွေးမှုများတွင် ဦးဆောင်ခဲ့သူ တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟေးနှင့် သဘောတူညီချက်ကို သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်က တရုတ်သမ္မတရှီကျင့်ဖျင်ကို ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး မကြာမီအချိန်တွင် ပေကျင်းမြို့တော်သို့ သွားရောက်လည်ပတ်မည်ဟု ပြောကြားခဲ့သည်။ ဒုတိယ ဝန်ကြီးချုပ် လျူဟေးဖတ်ကြားခဲ့သည့် သမ္မတထရမ့်ထံပေးအပ်သည့် စာတစ်စောင်တွင် တရုတ်သမ္မတရှီကျင့်ဖျင်က ယခုရရှိခဲ့သော သဘောတူညီချက်မှာ တရုတ်နိုင်ငံအတွက်သာမက အမေရိကန်နှင့် တစ်ကမ္ဘာလုံးအတွက် ကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



ဇန်နဝါရီ ၁၅ ရက်က သမ္မတပူတင်နှင့် မီခေးလ်မီရှူစတင်တို့ တွေ့ဆုံစဉ်။

## ရုရှားဝန်ကြီးချုပ်သစ်အဖြစ် မီခေးလ်မီရှူစတင်ကို ပူတင်အဆိုပြု

**မော်စကို ဇန်နဝါရီ ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ပြည်ထောင်စုအခွန်ဌာနအကြီးအကဲ မီခေးလ်မီရှူစတင်ကို ရုရှားဝန်ကြီးချုပ်သစ်အဖြစ် အဆိုပြုလိုက်ကြောင်း ရုရှားသမ္မတနန်းတော်က ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာသည်။

ပူတင်သည် မီခေးလ်ရှူစတင်ကို ဝန်ကြီးချုပ်၏ ရာထူးတာဝန်ထမ်းဆောင်ရန် ဖိတ်ကြားခဲ့ချိန်တွင် ပြည်ထောင်စုအခွန်ဌာနအကြီးအကဲ မီခေးလ်မီရှူစတင်နှင့် အလုပ်သဘော ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတနန်းတော်၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပူတင်က အဆိုတင်သွင်းခဲ့သည့် ရုရှားဝန်ကြီးချုပ်သစ်၏ အမည်စာရင်းသည် ရုရှားဒူးမားလွှတ်တော်သို့ မကြာမီရောက်ရှိသွားမည်ဟု ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်သည် ရုရှားသမ္မတပူတင်က ဖယ်ဒရယ်ညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့ပြီးနောက် မကြာမီအတွင်း ရာထူးမှနုတ်ထွက်လွှာကို တရားဝင်တင်သွင်းလိုက်ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

## ပြည်သူ့လုံခြုံရေးပူးတွဲစီမံကိန်း သုံးခုတွင် အစ္စရေးနှင့် အမေရိကန်တို့ ကန်ဒေါ်လာ ၂ ဒသမ ၃ သန်း ရင်းနှီးမြှုပ်နှံမည်

**ဂျေရုဆလင် ဇန်နဝါရီ ၁၆**

ပြည်တွင်းလုံခြုံရေး ပူးတွဲစီမံကိန်း သုံးခုတွင် အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက ကြာသပတေးနေ့က ကြေညာသည်။ ယင်းဝန်ကြီးဌာနနှင့် အမေရိကန် အမိမြေလုံခြုံရေးဌာနတို့က စီမံကိန်းသုံးခုကို ရွေးချယ်ထားသည်။

ပထမစီမံကိန်းသည် မည်သည့်ဒရုန်းယာဉ်ပုံစံ၊ မော်ဒယ်အမျိုးအစားအတွက်မဆို ဒရုန်းယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေး စင်တာဖွံ့ဖြိုးရေးဖြစ်သည်။ ၎င်းစီမံကိန်းကို အစ္စရေး Blue White Robotics ကုမ္ပဏီနှင့် အမေရိကန် Easy Aerial လေကြောင်းကုမ္ပဏီတို့က ဆောင်ရွက်မည် ဖြစ်သည်။

ဒုတိယစီမံကိန်းမှာ အဆောက်အဦများအတွင်း ပိတ်မိနေသည့် ကယ်ဆယ်ရေးအဖွဲ့များ၏ တည်နေရာနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ပံ့ပိုးပေးမည့် အဝတ်အစားကဲ့သို့ ဝတ်ဆင်အသုံးပြုနိုင်သည့် ကွန်ပျူတာပစ္စည်းကိရိယာ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းကို အစ္စရေး S.H. Goren စီမံခန့်ခွဲရေးနှင့် ဆန်းသစ်တီထွင်မှု ကုမ္ပဏီနှင့် အမေရိကန် 3AM တီထွင်ဆန်းသစ်မှု ကုမ္ပဏီတို့က ဆောင်ရွက်မည်ဖြစ်သည်။

တတိယစီမံကိန်းမှာ ဉာဏ်ရည်တုဗီဒီယိုများအသုံးပြု၍ အလှမ်းဝေးကွာသည့်နေရာမှ အဆောက်အဦများ လုံခြုံရေးအတွက် ပြည့်စုံသည့် နည်းလမ်းရှာဖွေမှု ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ၎င်းစီမံကိန်းကို အစ္စရေး Cawamo ကုမ္ပဏီနှင့် အမေရိကန် Live View Technologies နည်းပညာကုမ္ပဏီတို့က ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းစီမံကိန်းများကို နှစ်နိုင်ငံ စက်မှုသုတေသနနှင့် ဖွံ့ဖြိုးရေး(BIRD) အစီအစဉ်မှတစ်ဆင့် ရန်ပုံငွေထောက်ပံ့မည်ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် BIRD အစီအစဉ်သည် ကျယ်ပြန့်သည့် နည်းပညာကဏ္ဍတွင် အစ္စရေးနှင့် အမေရိကန်ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူစေရန်၊ အားပေးကူညီရန်နှင့် ရွေးချယ်ထားသည့် စီမံကိန်းများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးရန်အတွက် လုပ်ဆောင်သည်။

အစ္စရေးနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနနှင့် အမေရိကန် အမိမြေလုံခြုံရေးဌာနတို့သည် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မကြာသေးမီ ကာလများအတွင်း ဆိုက်ဘာမှုခင်း၊ အခြေခံအဆောက်အဦ၊ ပြည်သူ့လုံခြုံရေး၊ မြို့တော်လုံခြုံရေး စီမံကိန်းများ၊ နယ်စပ်ကာကွယ်ရေး၊ လူမပါသည့် လေကြောင်းဆိုင်ရာ စနစ်များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဆိုင်ရာ နည်းပညာနယ်ပယ်အထိ တိုးချဲ့နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ဇော်လင်း**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ X ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦ ဖြစ်ပါသည်။ မြေညီထပ်မှာ hall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦ ဖြစ်ပါသည်။

ဖုန်း–၀၉၅၀၅၃၅၊ ၀၆၆၀၁၈၃၊ ၀၉၅၁၄၃၆၊ ၀၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များက တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးလျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ အနောက်ဆွာကြိုးဝိုင်းအကွက် (၄၆၊ ၆၁)နေရာမှ တရားမဝင်ကျွန်းသစ်/ခွဲသား/ခွဲခြမ်း ၄၃ ဒသမ ၈၂၂ တန်၊ သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်းမှ တရားမဝင်ကညင် ၅ ဒသမ ၀၁၁၈ တန်၊ မြောက်ဇာမရီကြိုးဝိုင်းအကွက်အမှတ်(၅၆၊ ၆၉)အတွင်း တရားမဝင်ကျွန်း/ပျဉ်းကတိုးခွဲသား ၁၄ ဒသမ ၀၅၇၆ တန်၊ မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၁၂)၊ (၁၈)၊ (၂၀)နေရာမှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ ထောက်ကြံ့သစ် ၁၅ ဒသမ ၆၃၂၀ တန်၊ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်၂၄၆/၆ အနီး၌ တရားမဝင် သင်းဝင်/နဘဲ/ကတိ/သံသေ/ရုံးခွဲသား ၈ ဒသမ ၇၁၂၄ တန်အား သတင်းအရ လိုက်လံဖမ်းဆီးရာ သစ်တင်ခြောက်ဘီးယာဉ်နှင့် ရှေ့ပြေးလမ်းရှင်းကား (ခွေးဘီလူး) တို့အား လည်းကောင်း။

လွိုင်လင်မြို့နယ် ခိုလမ်-ကျိုင်းတောင်း-ကွန်ဟိန်းသွားကားလမ်းမ နောင်ဖာကန် အဝင်လမ်းတွင် ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား ၄၈ ချောင်း (၁ ဒသမ ၁၇၅၆ တန်)အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေ ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ မိုးမောက်- လွယ်ဂျယ်ကားလမ်း ဝိန်းခမ်းကျေးရွာအနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ ၃ ဒသမ ၃၀၉၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူလေးဦးအား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)




# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု လေးမှု၊ FUSO ၁၂ ဘီးယာဉ်တစ်စီးပေါ်တွင် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ဘေထုပ်(26 pkgs)၊ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၂၉၂ သန်း) အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကယ်မှ ၂၂ ဘီးထွေလာယာဉ်ကို အရှိန်လွန်ဝင်တိုက်၊ နှစ်ဦးသေဆုံး

**ရေတာရှည် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက် လေးမိုင်ခန့်အကွာ တောင်နန်ချွန်ကျေးရွာ မူလတန်းလွန်ကျောင်းရှေ့တွင် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းဟောင်း မြေသားလမ်းပေါ်တွင်ရပ်တန့်ထားသော ၂၂ ဘီး ထွေလာယာဉ်အား ဆိုင်ကယ်က အရှိန်လွန်ဝင်ရောက်တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အေးထွန်း၊ တာဝန်မှူး ဒုရဲအုပ်မျိုးဇော်ထက် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ အောင်ကြီး အင်ဒိုင်းကျေးရွာနေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ သန်းဇော်ထွန်းနှင့် ဝင်းမင်းသန်းတို့လိုက်ပါလာသော ဆိုင်ကယ်သည် မိုင်တိုင် ၁၇၂ / ၃ နှင့် ၄ အကြား ကားလမ်းအနောက်ဘက် မြေသားလမ်းပေါ်၌ ရပ်တန့်ထားသည့် ၂၂ ဘီးထွေလာယာဉ်၏ နောက်ပိုင်းအား အရှိန်လွန် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်ကြီးနှင့် သန်းဇော်ထွန်းတို့နှစ်ဦး နေရာ၌သေဆုံးသွားခဲ့ပြီး ဝင်းမင်းသန်း၌စိုးရိမ်ရဒဏ်ရာများ ရရှိသွားခဲ့သည်။ ဆိုင်ကယ်မောင်းနှင်သူ အောင်ကြီးအား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ဝက်လက် -လှတောကားလမ်းဘေး မှုမြောင်းထဲ ယာဉ်တစ်စီးထိုးကျတိမ်းမှောက်

**ဝက်လက် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ဝက်လက် – လှတောကားလမ်းဘေး မှုမြောင်းထဲသို့ ယာဉ်တစ်စီးထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က ယာဉ်မောင်း တင်ထွန်းအောင် မောင်းနှင်လာသောယာဉ်သည် မှုမြောင်းပေါင်မှတစ်ဆင့် ဝက်လက် – လှတော လမ်းမကြီးပေါ်သို့တက်ရာ ရှေ့မှလာသော ဆိုင်ကယ်ကိုရှောင်တိမ်းစဉ် နောက်ဘီးကျွံကျ၍ တိမ်းစောင်းကာ မြောင်းထဲထိုးကျခြင်းဖြစ်ကြောင်း သိရသည်။


မိုးသောက်(ရွှေဘို)



ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဘုရားပျံကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ကျေးရွာနေပြည်သူများအား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအချက်များအား ဘုရားပျံနယ်မြေရဲစခန်းမှူး ရဲအုပ်သူရထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောစဉ်။

ရဲပြန်ကြား

# ရှာငံနှင့် ဟိုပုံးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ဆန်းဝင်းမောင်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ယုံတောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်ကားလမ်းတွင် ဆန်းဝင်းမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၈ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဟိုပုံး-လွိုင်လင်ကားလမ်းတွင် မောင်ထီး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

○

# ထီးချိုင့်မြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ထီးချိုင့် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ချွန်းတောင်ကျေးရွာအနီး တောင်ရိုးပေါ်တွင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်က ထီးချိုင့်မြို့နယ် ကျီးကန်းဒေါင့်ကျေးရွာနေ ဦးသန်းရွှေနှင့် ဦးဖိုးကျွန်းတို့သည် ချွန်းတောင်ကျေးရွာအနီး တောင်ရိုးပေါ်တွင် ဝါးခုတ်သွားရာဝါးစခန်းနေရာ၌ အရက်သေစာသောက်စားပြီး စကားများရန်ဖြစ်ကြရာမှ ဦးသန်းရွှေက ဦးဖိုးကျွန်းအား ဝါးတုတ်ဖြင့်ရိုက်ခဲ့ရာ ဦးဖိုးကျွန်းမှာ ဒဏ်ရာရရှိခဲ့ပြီး အိမ်သို့သယ်ဆောင်လာစဉ် လမ်းတွင်သေဆုံးသွားခဲ့သည်။ ဦးသန်းရွှေအား မြို့မရဲစခန်းမှူးအဖွဲ့နှင့် နယ်ထိန်းရဲတို့က လိုက်လံရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
မလေးရှားနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Only JCI Accredited Hospital in Myanmar
နိုင်ငံတကာအတွေ့အကြုံရှိ မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး
Dr Sivamohan Namasivayam သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်၍
မီးယပ်နှင့်ပတ်သက်သော ရောဂါအမျိုးမျိုးတို့ကို ခေတ်မီခွဲစိတ်ကုသမှုများပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဇန်နဝါရီလ (၂၅)ရက် မှ (၂၇)ရက်နေ့ အထိ
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇
Facebook Pun Hlaing Siloam Hospitals



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃) နိုင်ငံရေးပါတီများ



မောင်စာဂ

ရွေးကောက်ပွဲဟုဆိုလျှင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍက အရေးပါလာသည်။ ရွေးကောက်ပွဲကိုပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စီမံကြီးကြပ်ဆောင်ရွက်ကြရသည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြရသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲတိုင်း ရွေးကောက်ပွဲတိုင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်များ သုံးဦးသုံးဖလှယ်သည် တြိဂံပုံသဏ္ဍာန်အဖြစ် မြင်တွေ့ကြရသည်။ ဤတွင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအကြောင်း အနှစ်ချုပ်မျှဝေပါရစေ။

## မှတ်ပုံတင်ခြင်း

လွှတ်တော်ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီတစ်ရပ်အဖြစ်နှင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီး ဖြစ်ရပါမည်။

## နိုင်ငံရေးပါတီအမျိုးအစားနှစ်မျိုး

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးဆောင်ရွက်သည့်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးဆောင်ရွက်သည့်ပါတီဟူ၍ နိုင်ငံရေးပါတီ နှစ်မျိုးနှစ်စားရှိသည်။

ယင်းပါတီ နှစ်မျိုး၏ အဓိကခြားနားချက်မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည်။ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ကျင်းပသော မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀ ကို စည်းရုံးပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည်။ ရွေးကောက်ပွဲများတွင် ယင်းပါတီစည်းရုံးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် ကျင်းပသော မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

## စည်းမျဉ်း၊ အလံနှင့် တံဆိပ်

နိုင်ငံရေးပါတီတိုင်းသည် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံရှိသည်။ နိုင်ငံရေးဝါဒ သဘောတရားရှိသည်။ ကိုယ်ပိုင်အလံရှိသည်။ ကိုယ်ပိုင်တံဆိပ်ရှိသည်။ ယင်းတို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် စတင်လျှောက်ထားစဉ်ကတည်းက သတ်မှတ်ထားသည့်အတိုင်း လျှောက်လွှာနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက်ယူရသည်။

## ပါတီဝင်များစည်းရုံးခြင်း

နိုင်ငံရေးပါတီတစ်ခုသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့မှစ၍ သတ်မှတ်ထားချက်များနှင့် ကိုက်ညီသော ပါတီဝင်ခွင့်လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများကောက်ခံခြင်းနှင့် စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

## ပါတီရန်ပုံငွေထားရှိခြင်း

နိုင်ငံရေးပါတီတစ်ခုသည် မိမိ၏ပါတီပိုင်ရန်ပုံငွေကို အောက်ပါအတိုင်း ကောက်ခံစုစည်း၍ စာရင်းပြုစုထားရှိရသည်-

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးဆောင်ရွက်သည့်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးဆောင်ရွက်သည့် ပါတီဟူ၍ နိုင်ငံရေးပါတီ နှစ်မျိုး နှစ်စားရှိ . . .**

(၁) ပါတီဝင်များထံမှ ကောက်ခံရရှိသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး၊

(၂) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့ကဖြစ်စေ ၎င်းတို့ တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း၊

(၃) ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသော ငွေနှင့် အမြတ်အစွန်း။

အထက်အပိုဒ် (၁) နှင့် (၂) တို့အရ ရရှိသော ငွေကြေးပစ္စည်းများအပေါ်တွင် ထမ်းဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုသည်။

## စည်းရုံးခွင့်နှင့် အသုံးစရိတ်

နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း မိမိပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

## ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် အသုံးစရိတ်

နိုင်ငံရေးပါတီတစ်ရပ်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သတ်မှတ်ထားသောအသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

## ပါတီများဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း

၇ - ၁၁ - ၂၀၁၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၂ ခုနှစ်က မဲဆန္ဒနယ် ၄၅ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၁၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီသုံးခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။

၈ - ၁၁ - ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၇ ခုနှစ်က မဲဆန္ဒနယ် ၁၉ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငါးပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၁၈ ခုနှစ်က မဲဆန္ဒနယ် ၁၃ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။

## ပါတီဖျက်သိမ်းခြင်း

ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင် သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲ၌ သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင် ပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိပါ။ ပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းခံရပါမည်။

ယင်းပြဋ္ဌာန်းချက်အရ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီးတွင် ပါတီမှတ်ပုံတင်ထားခြင်းမှ ပါတီငါးခု ဖျက်သိမ်းခံရပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီး နှစ်ပါတီ ဖျက်သိမ်းခံရသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီးတွင် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းခံရသည့်ပါတီမရှိခဲ့ပါ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီး တစ်ပါတီ ဖျက်သိမ်းခံရသည်။

ယနေ့အချိန်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံရေးပါတီပေါင်း ၉၈ ပါတီ မှတ်ပုံတင်ထားပြီးဖြစ်သည်။ ပါတီသုံးခုမှာ ယာယီရပ်ဆိုင်းထားခြင်းခံရသဖြင့် ၉၅ ပါတီကျန်ရှိသည်။ ပါတီတည်ထောင်ခွင့်စိစစ်ဆဲသုံးပါတီဖြစ်ပြီး မှတ်ပုံတင်ခွင့်စိစစ်ဆဲ သုံးပါတီဖြစ်သည်။ ယင်းပါတီများ ပါတီမှတ်ပုံတင်ခွင့်ရရှိပါက နိုင်ငံရေးပါတီပေါင်း ၁၀၁ ပါတီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိပါမည်။

## ကြိုတင်ပြင်ဆင်ကြရပါမည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများအားလုံးက မိမိတို့ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်ပြင်ဆင်ကြရပါမည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်မဲဆန္ဒနယ်များကို စိစစ်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များကိုခန့်ထားနိုင်ရန် စီစဉ်ရသည်။ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းတွေ ဖွင့်လှစ်၍ပို့ချပေးရသည်။ မဲဆန္ဒရှင်ပြည်သူများအား ထိတွေ့စည်းရုံးရသည်။ ဤမျှ များပြားသော လုပ်ငန်းတာဝန်များကို ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ကြရမည်ဖြစ်သဖြင့် အချိန်နှင့်အမျှ အလေးထားဂရုပြု သတိမူသင့်ကြသည်။

## ရွေးကောက်ပွဲနှင့်အတူ

နိုင်ငံရေးပါတီများအတွက် ၂၀၂၀ ပြည့်နှစ်သည် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မိမိတို့ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း များများရွေးကောက်တင်မြှောက်ခံရရေး မျှော်မှန်းကြိုးစားကြရပါမည်။ နိုင်ငံရေးပါတီများသည် ၂၀၂၀ ပြည့်နှစ်ကို ရွေးကောက်ပွဲလုပ်ငန်းများ စီမံဆောင်ရွက်ရင်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ဖြတ်ကျော်ရမည်ဖြစ်ကြောင်းပါ။

- ❖ **လွှတ်တော်မဲဆန္ဒနယ်အများတွင် ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပါစေ၊**
- ❖ **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊**
- ❖ **လူတော်လူကောင်း လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ကြပါစေ။**



# ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်

**လွိုင်ကော် ဇန်နဝါရီ ၁၆**

(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဆုချီးမြှင့်အပ်နှင်းခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် ညနေ ၆နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းရရှိသည့် ဆရာတော်ကြီးများနှင့် နိုင်ငံ့ဝန်ထမ်း ၄၂ ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စံပြရပ်ကွက်/ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ အခွန်အများဆုံးထမ်းဆောင်ခဲ့သောကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်သုံးဦးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကပြဖျော်ဖြေခဲ့ကြသည်။

**ထွန်းလေး**

# ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် မိတ်ဆက်ရှင်းလင်း

**တောင်ကြီး ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) မိတ်ဆက်ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေရရှိပုံနှင့် ခွဲဝေသုံးစွဲပုံတို့ကို အများပြည်သူတို့ ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်စေရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုရှိသည့်အစိုးရစနစ်တစ်ရပ်ဖြစ်စေရန်စသည့်အကျိုးရလဒ်များ ဖြစ်ထွန်းစေရေးကိုရှေးရှုပြီး ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) ထုတ်ဝေရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က အမှာစကားပြောကြားပြီး Renaissance Institute နှင့် အာရှဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# တောင်ငူဆေးရုံသို့ ကျောက်ကပ်သွေးသန့်စင်စက်တစ်လုံး ထပ်မံလှူဒါန်း

**တောင်ငူ ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်သွေးသန့်စင်စက် ဝယ်ယူလှူဒါန်းရေးကော်မတီ (တောင်ငူ)မှ ကျောက်ကပ်သွေးသန့်စင်စက် တစ်လုံး ထပ်မံလှူဒါန်းခြင်းကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက အဆိုပါဆေးရုံကြီး ကျောက်ကပ်တုသွေးသန့်စင်ခန်း၌ ပြုလုပ်ရာ ကျောက်ကပ်သွေးသန့်စင်စက် ဝယ်ယူလှူဒါန်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လင်း(ကြယ်နီ)နှင့် အတွင်းရေးမှူး ဦးမောင်မြ (ပြည့်ဝမုန့်ဆိုင်)တို့က ဆေးရုံအုပ်ကြီး စောဘိုဇော်ဝင်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။



အဆိုပါဆေးရုံ၌ ကျောက်ကပ်သွေးသန့်စင်ဌာနကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ကပ်သွေးသန့်စင်စက် ဝယ်ယူလှူဒါန်းရေးကော်မတီက DIATECH engineering Co.Ltd က ဂျပန်နိုင်ငံမှတင်သွင်းသည့် NIKKISO အမျိုးအစား MODEL DBB 27 စက်လေးလုံး ဝယ်ယူလှူဒါန်းခဲ့ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ (အစိုးရရုံးပိတ်ရက်များအပါအဝင်) ကျောက်ကပ်ဝေဒနာရှင်များအား ယနေ့အထိ ၁၀၆၇ ကြိမ် သွေးသန့်စင်ပေးခဲ့သည်။

ကျောက်ကပ်ဝေဒနာရှင်များ၏ လိုအပ်ချက်အရ တောင်ငူမြို့နှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားသော အလှူရှင်များ၏ ရန်ပုံငွေမှ ကျပ်သိန်း ၁၄၀ တန်ဖိုးရှိ စက်အား ယခုထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်ရာ စုစုပေါင်း ကျောက်ကပ်သွေးသန့်စင်စက် ငါးလုံးဖြင့် ကုသပေးလျက်ရှိသည်။

တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်သွေးသန့်စင်ဌာန ဖွင့်လှစ်ကုသပေးနိုင်သဖြင့် တောင်ငူမြို့နှင့် ပတ်ဝန်းကျင်ဒေသမှ ကျောက်ကပ်ဝေဒနာရှင်များ ခရီးစရိတ်နှင့် ကုန်ကျစရိတ် သက်သာစွာ ကုသခွင့်ရသဖြင့် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ထီးချိုင့်တွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ထီးချိုင့် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စု ရွှေတလုံးကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘဝင်းတို့က အသီးသီးအမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးငြိမ်းဝင်းထံ လွှဲပြောင်းပေးအပ်သည်။

ထိုကျောင်းဆောင်သစ်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပညာရေးဌာန ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၃၃၃ သိန်း အကုန်အကျခံဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ရဲလင်းထွန်း(ပြန်/ဆက်)**

# ကျိုင်းလပ်တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ကျိုင်းလပ် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အမှတ် (၃) ရပ်ကွက်ရှိ ပုဏ္ဏရိပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရာ ဇန်နဝါရီ ၁၅ ရက်က လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျိုင်းလပ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ပုဏ္ဏရိပ်လမ်း အရှည် ပေ ၂၁၀၊ အကျယ် ၁၀ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းအား မြို့နယ်ခွဲတာဝန်ခံ ဦးသန်းလွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်စမ်းစမ်းမော်တို့က သတ်မှတ်အရည်အသွေးမီ ဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကလေးစာပေပွဲတော်(ညောင်တုန်း) ဒုတိယနေ့ လာရောက်သူများဖြင့် စည်ကား

**ညောင်တုန်း ဇန်နဝါရီ ၁၆**

ကလေးစာပေပွဲတော် (ညောင်တုန်း) ဒုတိယနေ့ကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဒေသခံပြည်သူများ၊ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ကလေးစာပေပွဲတော် ဒုတိယနေ့တွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ထူးချွန်ထင်ရှားရောဝတီတိုင်းသားများပြခန်း၊ အလင်္ကာကျော်စွာဦးဘဂျမ်း၏ ကာတွန်းလက်ရာများပြခန်း၊ မီးသတ်ပြခန်း၊ ရဲတပ်ဖွဲ့ပြခန်း၊ ပညာရေးသင်ထောက်ကူပြခန်း၊ စည်ပင်သာယာရေးအဖွဲ့ပြခန်းနှင့် ကလေးစာဖတ်ခန်းတို့တွင် ပွဲတော်လာရောက်ကြသောကလေးငယ်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပြီး စာအုပ်အရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဝဋ္ဌာနိုင်၊ အောင်မြင့်မြတ်**



# ကမ္ဘာ့မယ်စကြဝဠာဆုရ အလှမယ်ဟန်နီအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသည့် (၄၂) ကြိမ်မြောက် အိမ်ထောင်ရှင်အလှမယ် ( Mrs. Universe 2019 ) ပြိုင်ပွဲ၌ ကမ္ဘာ့မယ်စကြဝဠာဆုရရှိခဲ့သည့် အလှမယ်ဟန်နီအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည်။

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ အိမ်ထောင်ရှင်အမျိုးသမီးတွေရဲ့ အရည်အချင်းနဲ့ စိတ်ထားအလှတွေကို ကမ္ဘာ့အလယ်မှာ ရင့်ကျက်တည်ငြိမ်စွာ ထုတ်ဖော်ပြသနိုင်ခဲ့တဲ့ မြန်မာ့ဂုဏ်ဆောင် အိမ်ထောင်ရှင်အလှမယ် မဟန်နီကို ဂုဏ်ပြုခြင်းဟာ နိုင်ငံ့ဂုဏ်ဆောင် အိမ်ထောင်ရှင်အလှမယ်အမျိုးသမီးအများအပြား ထပ်မံပေါ်ပေါက်စေဖို့ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြုအိမ်ထောင်ရှင်အလှမယ် ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်ဟန်နီက ပြိုင်ပွဲ၏ အမြင့်ဆုံး Mrs. Universe 2019 Winner ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

"အိမ်ထောင်ရှင်တွေ အားလုံးရဲ့ကိုယ်စား ဒီဆုလေးရရှိခဲ့တဲ့အတွက်၊ မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့တဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ Leadership ရှိတဲ့ အိမ်ထောင်ရှင်မတွေ ရဲ့ံတဲ့ အိမ်ထောင်ရှင်မတွေ ပေါ်ထွက်လာဖို့ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားပါမယ်"ဟု အလှမယ်ဟန်နီက ပြောကြားသည်။




**ပွင့်သစ္စာ၊ ဇာနည်မောင်**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် မင်္ဂလာပါဗိုလ်ချုပ်စာအုပ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ်အဖြစ် မင်္ဂလာပါဗိုလ်ချုပ် စာအုပ်ထုတ်ဝေမိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ စာပေဗိမာန်၌ ကျင်းပသည်။

"ဗိုလ်ချုပ်အောင်ဆန်းက ရန်ကုန်တက္ကသိုလ်မှာ တက်ခဲ့တဲ့ ကျောင်းသားဟောင်းတစ်ဦးဖြစ်ပါတယ်။ ယနေ့အချိန်မှာ ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့်တော့မှာဖြစ်သလို ဗိုလ်ချုပ်အောင်ဆန်းငွေစက္ကူကို မြန်မာနိုင်ငံမှာ ပြန်လည်ရိုက်နှိပ်ထုတ်ဝေအသုံးပြုတဲ့နှစ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတဲ့အတွက် အမှတ်တရဖြစ်အောင် မင်္ဂလာပါဗိုလ်ချုပ်လို့ အမည်ပေးထားတဲ့စာအုပ်ကို ကျွန်တော်တို့ လေအန်ကုန်းစာရေးဆရာ၂၈ ဦးက ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပုံစံများဖြင့် ထုတ်ဝေလိုက်တာဖြစ်ပါတယ်" ဟု စာအုပ်စီစဉ်သူ လေအန်ကုန်းစာရေးဆရာ နေမင်းချိုက ပြောကြားသည်။




အဆိုပါအခမ်းအနားသို့ နာယကကြီး တက္ကသိုလ်မျိုး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမနုသကျော်ဝင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)နှင့် ဆရာမော်ဝန်းကြည်မြတ်တို့က အမှာစကား အသီးသီးပြောကြားကြသည်။

အဆိုပါစာအုပ်တွင် နာမည်ကြီးစာရေးဆရာများက ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ကဗျာပုံစံဖြင့်လည်းကောင်း၊ ဝတ္ထုပုံစံဖြင့်လည်းကောင်း၊ ဆောင်းပါးပုံစံဖြင့်တစ်နည်း ရေးသားဖော်ပြထားရာ စာပေလေ့လာသူများအတွက် မှတ်တမ်းမှတ်ရာကောင်းဖြစ်သည်။

**မြင့်မောင်စိုး**

## သတင်းစုံကဏ္ဍ

### ရွှေ့ပြောင်းအလုပ်သမားများ လွှဲပြောင်းပေးအပ်

**ကော့သောင်း**

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားအမျိုးသား ၆၈ ဦး၊ အမျိုးသမီး၄ဦးအပါအဝင် စုစုပေါင်းအလုပ်သမား ၇၃ ဦးကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှ တစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့်လာရောက် ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါအလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနက လိုအပ်သည့်ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

### အခြေခံယန္တရားမောင်းသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈) မိုင် စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်းတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျွမ်းကျင်မှုဆိုင်ရာ အခြေခံယန္တရားမောင်း (Back Hoe) သင်တန်းအမှတ်စဉ်(၂) ဆင်းပွဲ ကျင်းပသည်။

စက်မှုတိုင်း(၁) ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ချောစုဇံတို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**



ဇန်နဝါရီ ၁၃ ရက်က လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် ပါရမီလမ်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၆)အလယ်တန်းကျောင်းရှေ့၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ပြည်သူများ ပြစ်မှုကျူးလွန်ခြင်း မခံရစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိနားလည်စေရန် မှုခင်းပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေမြင့်တို့က ကျောင်းသား ကျောင်းသူ ၃၅၀ အား ရှင်းလင်းဟောပြောစဉ်။

ကြေးမုံ

# ဝန်းသိုမြို့၌ ဂျပန်ဘာသာစကားပြောသင်တန်းဖွင့်

**ဝန်းသို ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ ဦးအောင်မြတ်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် ဂျပန်ဘာသာစကားပြောသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဂျပန်စကားပြော ကျွမ်းကျင်ဖို့ လိုအပ်ခြင်းကြောင့် ဂျပန်စကားပြောသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၄ ဦး တက်ရောက်ပြီး တစ်ပတ်လျှင် သုံးရက်စီ သင်တန်းကာလ ခြောက်လကြာသင်ကြားပို့ချသွားမည်ဖြစ်သည်။

**ကျော်မြိုင် (ပြန်/ဆက်)**

# စက်ကိရိယာအသုံးပြု စပါးပျိုးထောင်နည်း တောင်သူများအား သရုပ်ပြ

**ရေတာရှည် ဇန်နဝါရီ ၁၆**

ရေတာရှည်မြို့နယ် အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ တောင်သူများအား KUBOTA SR-K800 VN စက်ကိရိယာဖြင့် ကောက်စိုက်စက်အသုံးပြု စပါးပျိုးထောင်နည်း သရုပ်ပြပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ညောင်ပင်သာကျေးရွာ ကွင်းအမှတ် (၆၅၈) တောင်သူ ဦးတင်ဦး၏ လယ်စိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်လင်းခိုင်က လက်မှုလယ်ယာမှ စက်မှုလယ်စနစ်သို့ ကူးပြောင်းချိန်တွင် ယခုကဲ့သို့ ပြပွဲများဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက ကောက်စိုက်စက်များ အသုံးပြုလာသည့်အတွက် မျိုးစရိတ်ကုန်ကျမှုသက်သာခြင်း၊ ပင်ကြား၊ တန်းကြား လေဝင်လေထွက်နှင့် နေရောင်ခြည်ရရှိမှုကောင်းမွန်၍ မျိုးပွားနှုန်းကောင်းမွန်ကာ စပါးအထွက်နှုန်းတိုးတက်စေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**

# စပါးတင်း ၅၀၀ ဆံ့ အခြောက်ခံစက်ရုံဖွင့်ပွဲနှင့် သရုပ်ပြမိတ်ဆက်ပွဲကျင်းပ

**ရေဦး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တစ်ရက်လျှင် စပါးတင်း ၅၀၀ ဆံ့ စပါးအခြောက်ခံစက်ရုံဖွင့်ပွဲနှင့် သရုပ်ပြမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်လွင်က စပါးအခြောက်ခံစက်နှင့်ပတ်သက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်သရုပ်ပြသပေးခဲ့ရာ တက်ရောက်လာသူများက စက်မှထွက်ရှိလာသော စပါးများ၏အရည်အသွေးကို ကြည့်ရှုအကဲဖြတ်ခဲ့ကြသည်။

ယင်းနောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇင်က "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ရွှေဘို၊ ကလေး၊ ချောင်းဦး၊ ရေဦးမြို့နယ်တွင်သာ စပါးအခြောက်ခံစက်ရှိတာဖြစ်ပါတယ်၊ ရာသီဥတုဖောက်ပြန်လာရင် စပါးအစိုဓာတ်များလာမယ်၊ စပါးအစိုဓာတ်များနေရင် ဈေးကွက်မရှိဖြစ်ပြီး စားသုံးသူတွေဘက်လည်း အကျိုးမရှိဖြစ်မယ်၊ ဒါကြောင့် ဈေးကွက်လည်းဝင်၊ စားသုံးသူလည်းအဆင်ပြေစေမယ့် ရိတ်သိမ်းပြီးစပါးများ တစ်ရက်အတွင်း အမြန်ခြောက်စေပြီး အလွယ်တကူသိမ်းဆည်းနိုင်စေရန် စံနမူနာပြအနေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်၊ ပညာပေးကာလ ဝန်ဆောင်မှုအနေနဲ့ ယခုနှစ်တစ်နှစ်အတွင်း စိုက်ပျိုးရိတ်သိမ်းပြီး အစိုဓာတ်ရှိတဲ့စပါးများ အခမဲ့လာရောက်ဆောင်ရွက်နိုင်ပါတယ်" ဟု ပြောကြားသည်။ အဆိုပါစက်ရုံအဆောက်အအုံတန်ဖိုးမှာ ကျပ် ၁၇၅ သိန်း၊ အခြောက်ခံစက်တန်ဖိုးမှာ ကျပ်သိန်း ၃၅၀ ဖြစ်ကြောင်း သိရသည်။

**သန်းသန်း (ရေဦး)**

## သတင်းစုံကဏ္ဍ

### ဘုရားထီးတော်၊ စိန်ဖူးတော် တင်လှူပွဲ ကျင်းပမည်

**မန္တလေး။** ။ နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရားထီးတော်၊ စိန်ဖူးတော် တင်လှူပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေမန္တလေး နန်းမြို့ရိုး၏အရှေ့မြောက်ဘက် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၌ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ထီးတော်အဟောင်းက ဆွေးမြည့်ပျက်စီးနေလို့ ဒီဇိုင်းအသစ်နဲ့ပြန်လုပ်တာပါ။ ထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၆ ရက်မှာ ထီးတင်ဖို့ရက်သတ်မှတ်ထားတာပါ။ အလှူရှင်မိသားစုကဂန္ဓကုဋ္ဌိတိုက်၊ စန္ဒာမုနိဘုရားရဲ့ လုံးတော်ပြည့်ရွှေသင်္ကန်း၊ စိန်ဖူးတော်၊ ထီးတော်များတာဝန်ယူလှူဒါန်းတာဖြစ်ပါတယ်ဟု " နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားသည်။

**တင်ဇာလှိုင်**

### ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးယှဉ်ပြိုင်မည်

**ရန်ကုန်** ။ ။ ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီ၏ ဦးဆောင်မှုဖြင့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို လှိုင်တက္ကသိုလ် နယ်မြေ(RC-2) မိုးလုံလေလုံ အမျိုးသားအားကစားရုံ၌ ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ကျင်းပမည် ဖြစ်သည်။

"ရန်ကုန်အနောက်ပိုင်းခရိုင် ၁၃ မြို့နယ် အားလုံးပါဝင်ယှဉ်ပြိုင်ကြပါတယ်၊ အားကစားလောကဖွံ့ဖြိုးတိုးတက်ဖို့၊ လက်ရွေးစင် လူငယ်အားကစားသမားတွေထွက်ပေါ်လာဖို့၊ ဖူဆယ်ဘောလုံးအားကစားနည်းတိုးတက်လာဖို့ ရည်ရွယ်ပါတယ်"ဟု ခရိုင်အား/ကာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိမော်က ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

### ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**သံဖြူဇရပ်မြို့** ။ ။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မီးသတ်ဦးစီးဌာနဝင်းအတွင်း ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပသည်။

ပြည်နယ်ရန်ပုံငွေဖြင့် ဆောက်လုပ်မည့် (၄)ခန်းတွဲ (၃)ထပ်အဆောက်အအုံမြေနေရာတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး နေထွန်းဦးက ပန္နက်ရိုက်၊ အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**အေးအေးသီ(ပြန်/ဆက်)**

### အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေး

**ပေါင်** ။ ။ ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကို ဇန်နဝါရီ ၁၃ ရက်တွင် ပေါင်မြို့နယ် အလှပ်ကျေးရွာ၌ ဖွင့်လှစ်သည်။

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အဖွင့်အမှာစကားနှင့် ပေါင်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ အဆိုပါ အခြေခံအပ်ချုပ်စက်သင်တန်းသို့ ကျေးရွာလေးရွာမှ သင်တန်းသူ ၂၄ ဦး တက်ရောက်ပြီး ၃၂ ရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။ **ကြေးမုံ**



တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဆွေ၊ တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး ဦးမြင့်ဇော်နှင့် မြို့နယ်ဥပဒေရုံး ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်သက်သက်အောင်တို့က ရှင်းလင်းဆွေးနွေးရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **ဝင်းမော် (တိုက်ကြီး)**



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအစည်းအဝေး ကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြောင်းမြခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ခရိုင်အတွင်း သက်ငယ်မုဒိမ်းမှုများ လျှော့နည်းပပျောက်ရေး၊ ကလေးသူငယ်များ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုနှင့် ပညာရည်မြင့်မားရေး၊ ကလေးသူငယ်အခွင့်အရေး ဆုံးရှုံးမှုမရှိရေး တိုးမြှင့်ဆောင်ရွက်ရန် ပြောကြားသည်။

ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်သန္တာက ကလေးသူငယ်များအတွက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်စေတနာ့လူမှုဝန်ထမ်းအရာရှိ ဦးရွှေဝင်းက မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များက ပထမသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များက ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## ရေနံချောင်း၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ရိုက်ကူးရန် ကွင်းဆင်းကြည့်ရှု

**ရေနံချောင်း ဇန်နဝါရီ ၁၆**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ရိုက်ကူးရန်အတွက် ဒါရိုက်တာ လူမင်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က ရေနံချောင်းမြို့၌ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ကျောင်းသားဘဝမှစတင်၍ လှုပ်ရှားသွားလာနေထိုင်ခဲ့သောနေရာများကို ရိုက်ကွင်းရှာဖွေရေး ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဒါရိုက်တာ လူမင်းနှင့်အဖွဲ့သည် ရေနံချောင်းရေနံမြေ အမက(၈) ဗိုလ်ချုပ်ကျောင်းနှင့် အထက(၁) ကျောင်းတွင်ထိန်းသိမ်းထားရှိသည့် ဗိုလ်ချုပ်လက်ရေးမူနှင့် အခြားမှတ်တမ်းများကိုကြည့်ရှုလေ့လာခဲ့ပြီး ရုပ်ရှင်ရိုက်ကွင်းနေရာများအဆင်ပြေချောမွေ့စေရန် ရေနံချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက လိုက်ပါကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

## မြန်မာ - ထိုင်း နှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာ – ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ထိုင်းနိုင်ငံသို့မြန်မာအလုပ်သမားများတရားဝင်စေလွှတ်သည့် MoU လုပ်ငန်းစဉ်၊ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေပြီး ပြည်ဝင်ခွင့်ဗီဇာနှင့်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်း ကုန်ဆုံးတော့မည့် အလုပ်သမားများကို သက်တမ်းတိုးပေးနိုင်ရေး၊ ထိုင်းနိုင်ငံ၌ရောက်ရှိနေသည့်အထောက်အထားမဲ့ မြန်မာအလုပ်သမားများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ ထိုင်းနိုင်ငံရေလုပ်ငန်းများ၌ လုပ်ကိုင်နေသော မြန်မာရေလုပ်သားများကိစ္စနှင့် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသောအလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် သက်တမ်းတိုးနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ဌာနညွှန်ကြားရေးမှူးချုပ် Mr. Suchat Pornchaiwiseskul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သန့်ဇော်**

## မန္တလေးမြို့၌ ပန်းချီဆရာလွင်လွင်ကျော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးဒေသခံပန်းချီဆရာလွင်လွင်ကျော်၏ (၇)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၇၈ လမ်းနှင့်၃၄ လမ်းထောင့် Mandalay Yatanar Mall ရှိ SMART Art Gallery ၌ ကျင်းပသည်။

အဆိုပါပြပွဲကို၂၀၂၀ပြည့်နှစ်အတွင်း၌ပန်းချီကားအသစ်များဆက်လက်ဖန်တီးရေးဆွဲနိုင်ရန် ပြန်လည်သုံးသပ်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်းက ရေးဆွဲထားသည့်ရေဆေးပန်းချီကားပေါင်း၅၀ကိုဧင်း၏မွေးနေ့အထိမ်းအမှတ်အဖြစ် ပြသခြင်းဖြစ်ကြောင်းသိရသည်။

"တစ်နှစ်လုံးမှာကြိုးစားထားတာတွေကိုပြသတဲ့သဘောပါ။ အမေကမွေးပေးပြီး ဆရာတွေကသင်ပေးလို့ ဒီလိုမျိုးပန်းချီတွေရေးဆွဲနိုင်တာပါ။ ဒါကြောင့် အမေနဲ့ဆရာကိုဂါရဝပြုတဲ့အနေနဲ့ဒီပြပွဲလေးကိုကျင်းပတာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာက ရေဆေးရေးဆွဲဖို့စာရွက်ကရှားတယ်။ပုံအကြီးတွေရေးဆွဲဖို့ကကင်းဘတ်စပေါ်မှာပဲအဆင်ပြေတယ်။ ပန်းချီကားတွေရဲ့ထူးခြားချက်အနေနဲ့အခရိုင်းလစ်ရေးနည်းကို ကင်းဘတ်စပေါ်မှာရေဆေးနဲ့ရေးတာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ပန်းချီဆရာလွင်လွင်ကျော်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကာ ပြပွဲတွင်ပြသထားသည့် ပန်းချီကားများကိုဝယ်ယူသိမ်းဆည်းလိုသူများအတွက် ပန်းချီကားအရွယ်အစားပေါ်မူတည်၍ငွေကျပ်၁၅၀၀၀၀မှ၁၀သိန်းအထိ သတ်မှတ်ထားကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ဒလမြို့နယ်၌ လုံခြုံရေးကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဒလမြို့မရဲစခန်းမှူး ဒုရဲမှူးအုန်းလွင်နှင့်အဖွဲ့က ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီတွင် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်း ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတားစီမံကိန်းဝင်းအတွင်းရှိ ဆောက်လုပ်ရေးကုမ္ပဏီအစည်းအဝေးခန်းမတွင် ပစ္စည်းပျောက်ရှမှုများမရှိစေရန်နှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ပေါ်ဦးပေါ်ဖျား မြေထောက်ပဲသီးနှံများ တရုတ်ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်

**မန္တလေး ဇန်နဝါရီ ၁၆**

ယခုနှစ်ဆန်းပိုင်းတွင် ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် မြေထောက်ပဲသီးနှံများ မန္တလေးဈေးကွက်အတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်များ သွက်လက်မြန်ဆန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါမြေထောက်ပဲကို တရုတ်နိုင်ငံမှ နှစ်စဉ် မတ်လအတွင်းမှသာ စတင်ဝယ်ယူလေ့ရှိသော်လည်း ယခုနှစ်တွင် ထူးခြားစွာဖြင့် ပေါ်ဦးပေါ်ဖျား ကာလမှာပင် စတင်ဝယ်ယူမှုများရှိလာကြောင်း မန္တလေးမြို့ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောကြားသည်။

"၂၀၂၀ နှစ်ဦးအစမှာ ပေါ်ဦးပေါ်ဖျား ထွက်ရှိလာတဲ့ ပဲတီစိမ်း(ရွှေဝါ) တွေ အရောင်းအဝယ်သွက်နေသလို ခါတိုင်းနှစ်တွေက သုံးလပိုင်းမှစပြီး ဝယ်ယူလေ့ရှိတဲ့ မြေထောက်ပဲတွေလည်း ဒီနှစ်မှာ ထူးထူးခြားခြား ပေါ်ဦးပေါ်ဖျားကာလမှာပဲ တရုတ်ဝယ်လက်တွေက သွက်သွက်လက်လက်နဲ့ ဝယ်ယူနေကြတယ်။ ဒါ့အပြင် အခါတိုင်းနှစ်တွေမှာ တရုတ်နှစ်ကူးချိန်နီးလာရင် အရောင်းအဝယ်တွေ အေးစက်သွားပေမယ့် ဒီနှစ်မှာတော့ ဝယ်ယူမှုတွေ တုံ့ဆိုင်းလျော့ကျသွားခြင်းမရှိတာကို တွေ့ရတယ်။ ဒီလိုအခြေအနေက တောင်သူတွေနဲ့ ကုန်သည်တွေအဖို့ ရောင်းပန်းပွင့်တဲ့နှစ်လို့ ပြောလို့ရတာပေါ့။ ရှေ့လမှာလည်း မြေထောက်ပဲကို အိန္ဒိယနိုင်ငံက ပုံမှန်အတိုင်း ဝယ်ယူမှုတွေ ရှိလာဦးမှာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။



ထို့ပြင် ဈေးကွက်အတွင်း ဝယ်ယူမှုများ သွက်လက်နေသကဲ့သို့ ဈေးနှုန်းများအနေဖြင့်လည်း ယခင်နှစ်ကာလတူထက် မြေထောက်ပဲမှာ ၁၀၀၀၀ ကျော်မြင့်တက်၍ လက်ရှိ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်းမှာ ယခင်နှစ်ကာလတူထက် ၁၅၀၀၀ မြင့်တက်၍ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ မြန်မာ့ထွက်ကုန်ပဲမျိုးစုံအနက် မန္တလေးဈေးကွက်အတွင်း လက်ရှိအခြေအနေတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲလုံးဆန်၊ မြေပဲဆီဆန်၊ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းညိုနှင့် ထောပတ်ပဲ၊ ပဲယင်း၊ ပဲဇီးကွက်၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ အထွက်တိုးပြောင်း(အနီ)နှင့် ပဲပုပ်စေ့များကို ဦးစားပေးဝယ်ယူလျက်ရှိသည်။

မြေထောက်ပဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်ဒေသများမှ ရေဝတီမြစ်ရေကျချိန်တွင် မြေနုကျွန်းများပေါ်၌ အောက်တိုဘာလအတွင်းမှ စတင်စိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလတွင် စတင်ထွက်ရှိကြောင်းနှင့် ဖေဖော်ဝါရီလအတွင်းတွင်လည်း ချင်းတွင်းမြစ်ဝှမ်း ဒေသများဖြစ်သည့် ကလေး၊ ကလေးဝမြို့နယ်တို့မှ ထွက်ရှိလာသည့် မြေထောက်ပဲများ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## သရုပ်ဆောင်ပညာဒါနသင်တန်းဖွင့်လှစ်မည်

**ရန်ကုန်**

Laurel Art Academy အနုပညာသင်တန်းကျောင်းမှ သရုပ်ဆောင် ပညာဒါနသင်တန်းအပတ်စဉ် (၇) ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အသက်၁၆ နှစ်နှင့်အထက် ကျား/မ မရွေး အနုပညာဝါသနာပါသူတိုင်း လျှောက်ထားနိုင်ပြီး စနေ၊ တနင်္ဂနွေ တက်ရောက်ရမည်ဖြစ်ကာ သင်တန်းကာလမှာ ၁၀ လကြာမြင့်မည်ဖြစ်သည်။

လူကိုယ်တိုင် အမှတ် (၁/၅) (C) ပုလဲဥယျာဉ်အိမ်ရာ (ပုလဲကွန်ဒိုဝင်း) ဆရာစံရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၅၅၅၆၂၄၊ ၀၉-၇၃၁၅၃၈၈၂ တို့သို့ လာရောက်လျှောက်ထားနိုင်ကြောင်းသိရသည်။

ကြေးမုံ



**အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အလုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ဇင်ထိုက်ဦးဆောင်သော တပ်ဖွဲ့ဝင်များက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ရှင်းလင်းဟောပြောစဉ်။** တင်မောင်ဦး(အလုံ)



# ပီအက်စ်ဂျီက မိုနာကိုအား လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဇယားထိပ်ဆုံးတွင် ရှစ်မှတ်ဖြတ်ဦးဆောင်နိုင်ခဲ့



မိုနာကိုအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ပြင်သစ်ပထမတန်းရဲ့ ပွဲစဉ် ၂၀ အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက အမ်ဘတ်ပီရဲ့ သွင်းဂိုးနှစ်ဂိုးအပါအဝင် မိုနာကိုအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး အမှတ်ပေးဇယားထိပ်မှာ ရှစ်မှတ်ဖြတ်ပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

မိုနာကိုအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းဟာ တိုက်စစ်ပိုင်းမှာ အိုင်ကာဒီ၊ အမ်ဘတ်ပီ၊ ဒီမာရီယာနဲ့ နေမာတို့ကို အဓိကထား ပွဲထွက်ခဲ့ပြီး ပွဲကစားချိန် ၂၄ မိနစ် မှာ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပါတယ်။ အဲဒီနောက် ပထမပိုင်းပွဲကစားချိန်ရဲ့ နာကျင်အချိန်ပိုမှာ တိုက်စစ်မှူး နေမာက ပင်နယ်တီကနေတစ်ဆင့် ဂိုးအဖြစ် ပြောင်းလဲပေးခဲ့ပြီး ပွဲကစားချိန် ၇၂ မိနစ်မှာ ဆာရာဘီယာရဲ့သွင်းဂိုးနဲ့ ပွဲကစားချိန် မိနစ် ၉၀ မှာ အမ်ဘတ်ပီရဲ့ ဒုတိယမြောက်ဂိုး ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ မိုနာကိုအသင်းအတွက် ချေပဂိုးကိုတော့ ပွဲကစားချိန် ၈၇ မိနစ်မှာ ဘာကာယိုကိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ အခုပွဲစဉ်မှာ ပြိုင်ဘက်အသင်းအဖြစ် ကစားခဲ့ရတဲ့ မိုနာကိုအသင်းနဲ့အတူ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ အမ်ဘတ်ပီဟာ အခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ သွင်းဂိုး ၁၃ ဂိုးနဲ့ ဒုတိယဂိုးသွင်းအများဆုံးကစားသမား အဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ မိုနာကိုအသင်းရဲ့ တိုက်စစ်မှူး ဝစ်ဆန်ဘင်ယက်ဒါကတော့ သွင်းဂိုး ၁၄ ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ မိုနာကိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၂၀ ကစားပွဲအပြီးမှာ ရမှတ် ၄၉ မှတ်နဲ့ ဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာက မာဆေးလ်အသင်းကို ရှစ်မှတ်ဖြတ်ကာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

## ○ မြန်မာ့လက်ရွေးစင်မှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လက်ရှိရွေးချယ်ထားသည့် ပဏာမကစားသမား ၂၆ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်ပြီး တစ်ပတ်ကျော်ကြာ လေ့ကျင့်မှုပြုလုပ်ကာ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လက်ရှိအချိန်အထိ နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိသေးသောကြောင့် လက်ထောက်နည်းပြများကသာ တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ဝါရင့်ကစားသမားများဖြစ်သည့် ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ မြဖူးငုံ **(ဂိုး)**၊ ခင်သန်းဝေနှင့် ဝေဝေအောင်တို့ ပြန်လည်ပူးပေါင်းနေပြီး စုစုပေါင်း ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်တို့၏ ညှိနှိုင်းမှုအရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းတို့ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစမ်းပွဲကို ဇန်နဝါရီ ၂၅ နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ် လူရွေးချယ်မည်ဖြစ်သည်။

အိုလံပစ်ခြေစစ်ပွဲ တတိယအဆင့်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အုပ်စု(က)တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မြန်မာ၊ တရုတ်နိုင်ငံ၌ ကျင်းပမည့် အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်တိုင်ပေအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဖီဖာမှ တာဝန်ရှိသူများ မြန်မာနိုင်ငံသို့ လာရောက်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံသို့ သုံးရက်ကြာလာရောက်၍ FIFA Financial Governance Mission 2020 & FIFA Forward Program (Project) များ ဆောင်ရွက်နေမှုများကို လာရောက်စစ်ဆေးခဲ့သည်။



ဖီဖာကိုယ်စားလှယ်အဖွဲ့တွင် Mehmet Dirlik (FIFA Governance Program Coordinator)၊ Leonard Gabriel Gruter (FIFA Governance Program Coordinator) နှင့် Lavin Vigneshl (MA Development Officer)၊ Niko Nhouvannasak (Project Coordinator) တို့ပါဝင်ကာ ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ လာရောက်ခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှာ ဖီဖာမှထောက်ပံ့ပေးထားသော FIFA Forward Program (Project) စီမံကိန်းဆောင်ရွက်နေမှုများ၊ FIFA Forward Program 2.0 ဖြင့် ထောက်ပံ့ပေးထားသော ငွေကြေးသုံးစွဲနေမှုကိစ္စရပ်များကို စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစစ်ဆေးခဲ့သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပေးအပ်သည့် FIFA Forward Funding များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေခြင်း ရှိ၊ မရှိနှင့် ရှေ့ဆက်ပေးအပ်သွားမည့် ထောက်ပံ့ငွေများကို ပိုမိုစနစ်တကျ သုံးစွဲသွားနိုင်ရေးအတွက် ဖီဖာမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးသန်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ ဒေါ်အိရွှေစင်မျိုးထွန်း (Chief Accountant)၊ ဒေါ်နုနုဝေ (Financial Consultant)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများ၊ ပြင်ပစာရင်းစစ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဖီဖာမှ တာဝန်ရှိသူများသည် FIFA Forward Program (Project) ဖြင့် ဆောက်လုပ်နေသည့် ဖူဆယ်အားကစားကွင်း၊ လေ့ကျင့်ရေးကွင်းသစ် တည်ဆောက်နေမှုများကို သွားရောက်စစ်ဆေးခဲ့ပြီး သုဝဏ္ဏဘောလုံးကွင်း မြက်ခင်းပြင် တည်ဆောက်ထားရှိမှု၊ ပြန်လည်မွမ်းမံပြင်ဆင်ထားသော ကြံ့ခိုင်ရေးခန်းမအတွင်းရှိလေ့ကျင့်ရေးစက်ပစ္စည်းများ၊ Dressing Room များနှင့် အာရှဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် ဆောက်လုပ်ထားသော AFC Mini Pitch နှစ်ကွင်းကိုလည်း သွားရောက်ကြည့်ရှုခဲ့သည်။ **သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-MFF**

## ❒ ပြေးခုန်ပစ်မှ

ယနေ့ပြိုင်ပွဲများအဖြစ် မာရသွန်(ကျား/မ)၊ သံပြားဝိုင်းပစ်(မ)၊ တန်းမြင့်ခုန်(မ)၊ သုံးဆင့်ခုန်(ကျား)၊ မီတာ(၁၅၀၀)(ကျား/မ)၊ သံလုံးပစ်(ကျား)၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း(ကျား/မ)ပြိုင်ပွဲများ ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကျင်းပရာ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ မှူးကိုဖေ(ကယား)၊ ဒုတိယ သိမ့်သိမ့်သူ(စစ်ကိုင်း)၊ တတိယ ဂျေမီလီအေး(ကချင်)၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမ မြတ်နိုးသူ(တနင်္သာရီ)၊ ဒုတိယ ဖြူပြာမြင့် (ဧရာဝတီ)၊ ပူးတွဲတတိယ ဝါဝါရွှေ(မကွေး)နှင့် ကြည်စမ်းဝေ(ရန်ကုန်)၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ ဟိန်းထက်အောင် (မန္တလေး)၊ ဒုတိယ နိုင်ထက်ပိုင်(တနင်္သာရီ)၊ တတိယ သူရိန်ထွန်း(စစ်ကိုင်း)၊ အမျိုးသမီး မီတာ(၁၅၀၀) ပထမ ရှုပါကျော်(ရှမ်း)၊ ဒုတိယ ထားသဥ္ဇာအေး(စစ်ကိုင်း)၊ တတိယ မြဖူးငုံ(မန္တလေး)၊ အမျိုးသား မာရသွန်ပြိုင်ပွဲတွင် ပထမ မိုးဦး(မန္တလေး)၊ ဒုတိယ လက်တီး(ရှမ်း)၊ တတိယ ဇင်မင်းထွန်း(စစ်ကိုင်း)၊ အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် ပထမ သဲသဲခိုင်(ပဲခူး)၊ ဒုတိယ မိုးအိဖြူ(တနင်္သာရီ)၊ တတိယ ဒေါ်ရစ်(တနင်္သာရီ)၊ အမျိုးသား မီတာ(၁၅၀၀)ပြိုင်ပွဲတွင် ပထမ ဇာနည်ထွန်း(မကွေး)၊ ဒုတိယ ကျော်ဆွေ(ပဲခူး)၊ တတိယ သန့်ဇင်စိုး(တနင်္သာရီ)၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမ ထက်ဝေယံ(ရှမ်း)၊ ဒုတိယ စောမျိုးသက်ထွေး(ကရင်)၊ တတိယ ထက်ဝေယံ(စစ်ကိုင်း)၊ အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယ ရှမ်းပြည်နယ်အသင်း၊ အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယ ရှမ်းပြည်နယ်အသင်း၊ တတိယ တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ကို ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီး မီတာ(၃၀၀၀)တားဆီးကျော်ပြိုင်ပွဲတွင် သီတာဦး(မန္တလေး)၊ အေးအေးမြို့(မန္တလေး)၊ အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် စောဒီဇင်ဘာသိန်း(မကွေး)၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် အေးချမ်းမိုလ်(ပဲခူး)၊ မေကျော့ရှင်း(စစ်ကိုင်း)(၄၀ ဒသမ ၂၆)မီတာ၊ အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲတွင် ရာဇာဖြိုး(စစ်ကိုင်း) တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း။

ဆက်လက်၍ ရမှတ် ၉၂ မှတ်ဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း။

ဆက်လက်၍ ရမှတ် ၉၄ မှတ်ဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသွားသော ရှမ်းပြည်နယ်အသင်းကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းကလည်းကောင်း။

ဆက်လက်၍ ရမှတ် ၁၆၁ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသော တနင်္သာရီတိုင်းဒေသကြီးအသင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းဝင်းမြင့်အောင်၏ ခြသေ့်မင်းနှင့် တိုက်ခိုက်မှု မဖြစ်ပွားစေရန် ဉာဏ်ဆင်ခြင်ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မတူရင် မတုနဲ့" မျက်နှာဖုံးကာတွန်း၊ ဝံပုလွေတို့၏ နေထိုင်ကျက်စားမှုနှင့် ၎င်းတို့၏ အူသံအကြောင်းကို ရေးသားတင်ဆက်ထားသည့် သုတဆောင်းပါး၊ ဖိုးသန့်၏ အသန့်အပြန့်ကြိုက်ပုံအကြောင်းကို ဟာသရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ ညစ်ညမ်းသောစိတ်သည် ကမ္ဘာကြီးကိုပင် ပျက်စီးအောင် ပြုလုပ်နိုင်ကြောင်းကို ရေးဖွဲ့ထားသည့် ကလေးပုံပြင်အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ dot to dot ကဏ္ဍ၊ ကဗျာစသည့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။ **ကြေးမုံ**



# တရုတ်သမ္မတ ရှီကျင့်ဖျင် အား မြန်မာပြည်မှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း

## Belt & Road ၏ကာနဦးအောင်မြင်မှု (သို့) တရုတ်-မြန်မာ ချစ်ကြည်ရေး၏ အသီးအပွင့်တစ်ခုဖြစ်သော

## Soueast of Fujian Motor Industry Group and Dagon Arr Mahn Thit Co., Ltd Cooperation





[illegible]

[illegible]




[illegible]



[illegible]

[illegible]



[illegible]

## ဦးကိုကိုတင် @ Henry Si Yar

မောင်ငံအလယ်တန်း-မော်လမြိုင်

### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၄၁-ခ)နေ (ဦးစီယား-ဒေါ်အမာ)တို့၏သား၊ (ဦးလှဘော်-ဒေါ်ထွေးတင်)တို့၏သားသမက်၊ (ဒေါ်စန်းစန်းမေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဦး-ဒေါ်ရီရီမြင့်တို့၏အစ်ကို၊ ဦးဘုန်းနိုင်-Dr.ခင်မာရီ(ခေတ္တ-USA)၊ ဦးမျိုးနိုင်- Dr. ဆွေဆွေလှိုင်၊ (ဦးမျိုးမင်း)၊ Dr. မှူးမင်း-Dr. ကလျာကို(ခေတ္တ-USA)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ လင်းသန့်နိုင်-Paige (ခေတ္တ-USA)၊ တင့်ဖြိုးနိုင်(ခေတ္တ-USA)၊ Dr. သက်ထူး-ဝင့်သီရိမျိုးနိုင်၊ Dr. ကျော်မျိုးနိုင်၊ ဟိန်းမင်း(ခေတ္တ-USA)တို့၏အဘိုး ၊ စုသဒ္ဓါထူး(Helen)၏ ဘိုးဘိုးကြီး ဦးကိုကိုတင်သည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ရီကွေး(ခ)ဒေါ်ဟွီးရီကွေး

### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၅၂)၊ (၃၁)လမ်းနေ ဒေါ်စန်းစန်းမြင့်-(ဦးတင်စိန်)၊ ဦးလှခိုင်-ဒေါ်နွဲ့နွဲ့ခိုင်၊ ဦးမောင်မောင်-ဒေါ်တင်တင်ဝင်း၊ (ဒေါ်ခင်ခင်ရွှေ)၊ (ဦးမင်းလွင်)-ဒေါ်ချိုက်လျှန်၊ ဦးမင်းအောင်-ဒေါ်လင်လန်းဖန်း၊ ဒေါ်တင့်တင့်ခိုင်၊ ဦးအောင်နိုင်-ဒေါ်ဝင်းကြည်၊ ဒေါ်ပပဝင်းတို့၏မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ် ၁၀ ယောက် တို့၏အဘွားသည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၀:၃၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

(မူလဓမ္မာစရိယ)

## ဘဒ္ဒန္တခေမိန္ဒမဟာထေရ်မြတ်

### သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်

တိုင်းရင်းသားကျေးရွာ၊ ပုသိမ်ကျောင်းတိုက်၊ သာကေတမြို့နယ်

သာကေတမြို့နယ်၊ တိုင်းရင်းသားကျေးရွာ၊ ပုသိမ်ကျောင်းတိုက်၊ ဦးစီးပဓာနနာယက (မူလဓမ္မာစရိယ) ဆရာတော်ဘဒ္ဒန္တခေမိန္ဒမဟာထေရ်မြတ်၊ သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃) နှစ် သည် (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်)၊ ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်)၊ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပင့်ဆောင်၍ အန္တိမ အဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ဆရာတော်အားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ပုသိမ်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

စျာပနဖြစ်မြောက်ရေးကော်မတီ
ပုသိမ်ကျောင်းတိုက်

---

## ဦးအောင်ကျော်သန်း

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၂၁၉/က)နေ (ဒေါ်ကြည်ကြည်မြင့်)၏ ခင်ပွန်း၊ ဦးဝင်းစိန်-ဒေါ်စုစုလှိုင်၊ ဦးဝင်းမြင့်-ဒေါ်သီတာထွန်း၊ ဦးလှကျော်-ဒေါ်မူမူမြင့်၊ ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့်သိန်း တို့၏ ချစ်လှစွာသောဖခင် မြေးရှစ်ယောက် တို့၏ အဘိုးသည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမြင့်သိန်း

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

### အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ စက်မှု (၁)လမ်း၊ တိုက်(၃၅၂)၊ အခန်း(၁၃)နေ ဒေါ်သန်းအေး၏ခင်ပွန်း၊ ဦးကြည်ထွန်း(စုံစမ်းရေးဦးစီးမှူး-ငြိမ်း၊ စ.စ.စ)-ဒေါ်တင်တင်အေး(မြန်မာ့မဏ္ဍိုင်ကုမ္ပဏီ)၊ ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ လ.ဝ.က-ငြိမ်း)-ဒေါ်ကြည်ကြည်ငြိမ်း၊ ဦးဟန်ထွန်း-ဒေါ်ခင်မမသောင်း (အလုပြ၊ ဗောဓိရက္ခ၊ ကြို့ပင်ကောက်)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်သန့်စင် (Ocean Tankers Pte.,Ltd)၊ မောင်ကျော်ဝင်းလှိုင်(3rd Engineer MTM Co.,)၊ မပြည့်ဝင်းမြတ်(Interior Designer)၊ မောင်ကောင်းမြတ်စံ(BIT MICT Park)၊ ဒေါက်တာဆုမြတ်ဟန်၊ မအင်ကြင်းမြတ်(စီးပွားရေးတက္ကသိုလ်)တို့၏အဘိုးသည် ၁၅-၁-၂၀၂၀ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ခင်ပု (ရွှေဒေါင်းယဉ် သက်န်းတိုက်)

### အသက် (၉၅) နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်း၊ ရွှေဒေါင်းယဉ် သင်္ကန်းတိုက်နေ (ဦးထွန်းလှ)၏ဇနီး၊ ပြင်ဦးလွင်မြို့နေ ဦးညွန့်တင်-(ဒေါ်ခင်စန်းဝင်း)၊ ရန်ကုန်မြို့နေ ဦးကိုကြီး-ဒေါ်ခင်ဌေးဝင်း၊ ရန်ကုန်မြို့နေ ဦးညွန့်ဌေး-ဒေါ်အေးချို၊ မုံရွာမြို့နေ ဒေါ်မဥ္ဇူ၊ ရန်ကုန်မြို့နေ ဦးလှဌေး-ဒေါ်မိုးမိုးအေးတို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ငါးယောက် တို့၏အဘွားသည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးတင်ထွန်း (ငြိမ်း)

ကြည်း-၁၄၅၁၀၊ တေဇ (၅)

### အသက် (၆၃) နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလာကြီးကျေးရွာနေ (ဦးစိန်လှိုင်-ဒေါ်စိန်ဂျမ်း)တို့၏သား၊(ဦးခင်မောင်ညွှန့်)-ဒေါ်ခင်ဌေးမြင့် တို့၏ အစ်ကို၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ်မြောက်ရပ်ကွက် (ဝမ်ကပ်)နေ (ဦးဆန်ဝိ)-ဒေါ်နန်းညို့တို့၏သားသမက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ (၂)ရပ်ကွက်၊ စခန်းသာ၊ ပြည်ထောင်စုလမ်း၊ (၃၃/၈၂)နေ ဒေါ်နန်းခမ်းလွှမ်း၏ခင်ပွန်း၊ စိုင်းရဲမင်း-မသူဇာဝင်း၊ နန်းဟေမာန်ထွန်းတို့၏ ဖခင်သည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၂၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀) ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်သန်း

ကျောင်းသားရေးရာဝန်ထမ်း (ငြိမ်း)

ဗဟန်းမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဟောင်း (လူမှုရေးအဖွဲ့၊ နာယက)

### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်းနေ (ဦးကျော်ဝင်း-ဒေါ်ခင်မြင့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ (ဦးသန်းဖေ-ဒေါ်အုန်းကျင်)တို့၏ သားသမက်၊ (ဦးခင်မောင်ဝင်း)၊ (ဦးမောင်လင်း-ဒေါ်စန်းစန်းဝင်း)၊ (ဦးခင်မောင်သင်း)-ဒေါ်ညွှန့်ညွှန့်တို့၏မောင်၊ ဦးဖေသောင်းမြင့်-ဒေါ်ကြူကြူဝင်းတို့၏အစ်ကို၊ ဒေါ်ဝင်းမိုးသူ၊ ဦးစည်သူအောင်-ဒေါ်ကေသီမြင့်ဆွေ၊ ဦးနေမျိုးသူ-ဒေါ်တိုးတိုးမြင့်၊ (ဦးတင်စိုး)-ဒေါ်အေးစန္ဒာတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ ဒေါ်သန်းသန်းဦး၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သန်းသည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၁၆၇)၊ ကင်းဝန်လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အနိစ္စ

ရဟန်း ဒါယိကာမကြီး

## ဒေါ်ကြည်ဌေး

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ်(၂၁)၊ ပန်းခြံလမ်းနေ [ဦးတင်ညွှန့်-ဒေါ်ခင်ချစ် (မိတ်ဆက်)]တို့၏ သမီးကြီး၊ အမှတ်(၁၃၅)၊ ပန်းလှိုင်(၃)လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးကိုကြည်-ဒေါ်တင်မြင့်)တို့၏ သမီးချွေးမ၊ ဦးမျိုးဝင်း ၏ ချစ်လှစွာသောဇနီး၊ ဦးဩဘာ-ဒေါ်ခင်မိုးမိုးသိန်း၊ ဦးချမ်းမြေ့၊ ဦးလှမျိုးနိုင်-ဒေါ်တေဇာဟိန်း၊ ဦးကျော်စွာထွန်း-ဒေါ်သိမ့်လဲ့ဖြူ၊ ဦးဇေယျာထွန်း-ဒေါ်သဉ္ဇာအေး၊ ဒေါက်တာသဲကိုကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေးခြောက်ယောက် တို့၏ အဘွားသည် ၁၆-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၁၃)၊ ကွမ်းရွှဲတန်းလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)

## ဦးခင်မောင်ငြိမ်း

### အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၆၄၀/၆၄၂)နေ ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ အမှုဆောင် ဒေါ်သီတာငြိမ်း၏ဖခင် ဦးခင်မောင်ငြိမ်းသည် ၈-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်ငွေတင်

### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅-ခ)လမ်း၊ အမှတ်(၅၄၀/ခ)နေ (ဦးစောထွန်း-ဒေါ်မသေး)တို့၏သမီး၊ ဦးအောင်မင်းဦး (ကထိက၊ ဘူမိဗေဒဌာန၊ ဘားအံတက္ကသိုလ်)-ဒေါ်သီသီချော(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)-ဒေါ်မီမီချော (ကထိက၊ သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးရှိန်ဝါထွန်း-ဒေါ်ကလျာဦးတို့၏မွေးသမိခင်၊ မအိအိအောင်ချော၊ မခင်ယွန်းစံရှိန်ဝါတို့၏အဘွား၊ (ဦးစိန်မောင်ဦး)၏ချစ်လှစွာသောဇနီးသည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင့်ဆွေ

မြို့နယ်ဦးစီးမှူး၊ သမဝါယမ-ငြိမ်း

### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေစင်လမ်း၊ တိုက်(၁၂၉)၊ အခန်း(၃)နေ (ဦးဘစု-ဒေါ်အုန်းတင်)တို့၏သား၊ (ဦးလှကြည်-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်ညွှန့်ကြည်၏ခင်ပွန်း၊ ဦးခင်မောင်လွင်-ဒေါ်ကြည်ကြည်ဆွေ၊ (ဦးတင်မောင်သန့်-ဒေါ်နီနီအောင်)၊ ဒေါ်ဥမ္မာဆွေ၊ ဦးညီညီသိုက်၊ ဦးထွန်းထွန်းအောင် (ခ) ဦးသိန်းအောင်-ဒေါ်ဇင်မာဆွေတို့၏မွေးသဖခင် ကျေးဇူးရှင်၊မဇာလီနွယ်၊ မောင်မင်းသုခ၊ မောင်လွှမ်းမိုးအောင်တို့၏ချစ်လှစွာသောအဘိုးသည် ၁၃-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၀ (အင်္ဂါနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းလှိုင်

### အသက်(၆၇)နှစ်

သူနာပြုဆရာကြီး (ငြိမ်း)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်းမြို့နေ (ဦးလှသန်း-ဒေါ်အေးမြင့်)တို့၏ သားကြီး၊ (ဦးလှစော-ဒေါ်အုန်း)တို့၏ သားသမက်၊ ဦးဘိုဖြူ-ဒေါ်အမာလေးတို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်နွဲ့)၏ ချစ်လှစွာသောခင်ပွန်း၊ အမှတ်(၁၆၂)၊ စီမံ(၂)ရပ်ကွက်၊ ဘိုတာရာ(၁)လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ မောင်စန်းသူရလှိုင်၊ မောင်အောင်နေလင်းနိုင် တို့၏ ချစ်လှစွာသော ဖခင် ဦးသောင်းလှိုင်သည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)ညနေ ၄:၅၀ နာရီတွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးတင်ထွန်း (ငြိမ်း)

ကြည်း-၁၄၅၁၀၊ တေဇ (၅)

### အသက် (၆၃) နှစ်

ကလောမြို့နေ ဒေါ်နန်းခမ်းလွှမ်း၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးတင်ထွန်း (ငြိမ်း)သည် ၁၅-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၅)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြူကြူ(ခ)ဒေါ်စကွန်သလားသီဝါရီး

### အသက်(၇၇)နှစ်

မန္တလေးမြို့၊ နန်းရှေ့လည်းတန်း၊ အကွက်(၁)၊ အမှတ်(၁၁၁/၃)နေ (ဦးဘဂျစ်နာတ်သီဝါရီး)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်ရီကြူ တို့၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်ကြူကြူ(ခ)ဒေါ်စကွန်သလားသီဝါရီးသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့၊ အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ID Architects Pte Ltd.

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြင့်

Founder & Director (ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု၏ Founder & Director ဖြစ်သူ ဦးအောင်မြင့် အသက်(၇၆)နှစ်သည် ၁၃-၁-၂၀၂၀ရက် နံနက် ၁:၁၂ နာရီတွင် အာယုနိုင်ငံတကာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာလှ-ဒေါ်သူဇာတင်**
**ဒီဇင်ဘာအလှကုန် မိသားစု-ဈေးချို**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက် ယူစွပ် (ခ) ဦးခင်ဝင်း

ဦးစီးအရာရှိ (ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

### အသက်(၇၀)

ဓနုဖြူမြို့နေ (ဦးမောင်လေး-ဒေါ်ထွေး)တို့၏သား၊ (ဦးလှမောင်-ဒေါ်လှခင်) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အိုလံပစ်တာဝါနေ ဟာဂျီမ ဒေါ်နုနုကြည်၏ခင်ပွန်း၊ ဖရီဒါမာလာဝင်း(Singapore)၊ မမူယာခင်ဝင်း၊ မသန္တာခင်ဝင်းတို့၏ဖခင်၊ မောင်ဇော်ရှင်းမြတ်၏ချစ်လှစွာသောအဘိုး ဦးခင်ဝင်းသည် ၁၂-၁-၂၀၂၀ ရက် ည ၇:၁၅ နာရီတွင် Yishum Khoo Teck Puat Hospital (Singapore)၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၁-၂၀၂၀ ရက် မွန်းလွဲ ဇုဟုရ်-နမစ်အပြီး Choa Chu Kang ကဗရ်စသာန်၌ ဒဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၀)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ (၁၄)ကြိမ်မြောက်အထိ ပုံမှန်အစည်းအဝေးများကို လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✭



ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အမှာစကားပြောကြားစဉ်။



## ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❐

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း မန္တလေးမြို့၌ လေ့ကျင့်မှုပြုလုပ်ကာ ခြေစမ်းပွဲကစားမည်

**မန္တလေး ဇန်နဝါရီ ၁၆**

၂၀၂၀ တိုကျိုအိုလံပစ် တတိယအဆင့်ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မန္တလေးမြို့၌ လေ့ကျင့်မှုပြုလုပ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

### ကြေးမုံ ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲ ကျင်းပ
စာမျက်နှာ » ၁၁

အမေရိကန်နှင့် တရုတ် အဆင့်တစ် ကုန်သွယ်ရေးစာချုပ် လက်မှတ်ရေးထိုး
စာမျက်နှာ » ၁၃

ပီအက်စ်ဂျီက မိုနာကိုအား လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဇယားထိပ်ဆုံးတွင် ရှစ်မှတ်ဖြတ်ဦးဆောင်နိုင်ခဲ့
စာမျက်နှာ » ၂၀



